# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် (၁၄) ရက် ၊ သောကြာနေ့ ၊ (16-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၄၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဉယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းက ဇွန် ၁၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**






ရတနာပုံ
၂၀၂၃ ခုနှစ် ဇွန် ၁၆ ရက်
အယ်ဒီတာ့အာဘော်

# ဝင်ငွေထွက်ငွေမျှတမှုနှင့် မိသားစုဝင်ငွေတိုးပွားရေး

ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် အရှေ့ဥရောပဒေသဖြစ်စဉ်များကြောင့် လောင်စာဆီပြဿနာများထိ ဖြစ်ပေါ်ခဲ့သဖြင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဖြစ်ပေါ်ခဲ့ရာမှ ကမ္ဘာတစ်ဝန်းလုံး ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ စက်သုံးဆီဈေးနှုန်းများကြီးမြင့်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်များ ကြီးမြင့်လာခြင်း၊ ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားမမျှတခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ကုန်ဈေးနှုန်းများ ကြီးမြင့်လာခြင်းသည် လက်ရှိ မိမိတို့နိုင်ငံအပေါ်၌လည်း သက်ရောက်မှုများ ရှိလာခဲ့သည်။

နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရေးနှင့် စားရေရိက္ခာ ပေါများကြွယ်ဝရေးကို အလေးထားလုပ်ဆောင်လျက်ရှိနေသည်ကို အထင်အရှားတွေ့နိုင်သည်။ အဆိုပါလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်သည်နှင့်အမျှ မိသားစုတိုင်း ဝင်ငွေ၊ ထွက်ငွေမျှတစွာသုံးစွဲနိုင်ပြီး စားဝတ်နေရေးနှင့် လူနေမှုဘဝများ အဆင်ပြေလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံအကျိုးစီးပွား၊ ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိသော်လည်း ပြည်တွင်းမှ သဘောထားကွဲလွဲသည့် အဖွဲ့အစည်းများက စီးပွားကဏ္ဍထိခိုက်အောင်ဆောင်ရွက်ခြင်းများရှိသကဲ့သို့ ပြည်ပမှလည်း အကြောင်းအမျိုးမျိုးပြပြီး စီးပွားရေးပိတ်ဆို့ခြင်းများ၊ ထောက်ပံ့မှုများကို ရပ်ဆိုင်းခြင်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရပ်ဆိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ၎င်းသည် နိုင်ငံ၏စီးပွားရေးကို ထိခိုက်အောင် လုပ်ဆောင်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း အထင်အရှားတွေ့နိုင်သည်။

လက်ရှိအချိန်တွင် အခြေခံစားသောက်ကုန်များ၊ စက်သုံးဆီနှင့် လူသုံးကုန်ပစ္စည်းများ၏ ကုန်ဈေးနှုန်းအတက်၊ အကျအခြေအနေအပေါ် မူတည်၍ ကုန်ထုတ်လုပ်မှုနှင့် ဝယ်လိုအား မျှတမှုရှိအောင် ဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းမှထုတ်လုပ်သည့် စိုက်ပျိုးရေးထုတ်ကုန်ဈေးနှုန်းများကို ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများကိုလည်း ထိုက်သင့်သည့်ဈေးနှုန်းများဖြစ်စေရေး ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ရန်မှာ လက်ငင်းပြဖွယ်ကိစ္စတစ်ရပ်အဖြစ် တွေ့ရပေသည်။

နိုင်ငံတော်အနေဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရန် နည်းလမ်းရှာဖွေခဲ့ရာတွင် အရင်းအမြစ်ကျသော သယ်ယူပို့ဆောင်မှုကုန်ကျစရိတ် သက်သာသောနည်းလမ်းအသုံးပြုခြင်းနှင့် ကုန်ကြမ်း၊ တိရစ္ဆာန်အစာများ၏ ကုန်ကျစရိတ်များကို ပြည်တွင်း၌ထုတ်လုပ်ခြင်းဖြင့် လျှော့ချနိုင်ရန် ဆောင်ရွက်ခြင်းအပါအဝင် ဝယ်လိုအားနှင့် ရောင်းလိုအား မျှတအောင်ဆောင်ရွက်ထားရှိမှုတို့ကိုလည်း တွေ့ရှိရသည်။ အခြေခံစားသောက်ကုန်များကို သင့်လျော်သည့်ဈေးနှုန်းဖြင့် ဝယ်ယူစားသောက်နိုင်ပါက လူမှုဘဝအတွင်းရှိ မိသားစုဘဝများအတွက် အဆင်ပြေချောမွေ့မည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်မှ စားရေရိက္ခာပေါများကြွယ်ဝရေး၊ မိသားစုဝင်ငွေတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်နေချိန်တွင် နိုင်ငံ၏စီးပွားရေးကို ထိခိုက်အောင်လုပ်ဆောင်နေသည့် ပြည်ပနိုင်ငံများနှင့် ပြည်တွင်းဝိသမစီးပွားရေးသမားများကို အားပေးကူညီခြင်းမပြုဘဲ ဝင်ငွေ၊ ထွက်ငွေမျှတအောင် ကြိုးပမ်းဆောင်ရွက်နိုင်ကြရန်နှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ အောင်မြင်အောင် အင်တိုက်အားတိုက်ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မြင်ဦးလွင်ဘက်မှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇွန် ၁၅**

မန္တလေး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် မြင်ဦးလွင်ဘက်မှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ မြင်ဦးလွင်ဘက်မှထွက်ရှိသည့် ပန်းမုန်လာများ နေ့စဉ် ခြောက်ဘီးကားလေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ပန်းမုန်လာဈေးနှုန်းများမှာ တစ်ပွင့်လျှင် အမျိုးအစားအလိုက် ငွေကျပ် ၈၀၀ ၊ ၁၂၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြကြောင်း သိရသည်။

"ပန်းမုန်လာက မြင်ဦးလွင်ဒေသဘက်တွေကပဲ ထွက်ရှိတယ်။ ဈေးကောင်းရပြီး အရောင်းအဝယ်တွေကောင်းနေပါတယ်။ မြင်ဦးလွင်ဒေသက စိုက်ပျိုးထားပြီး ထွက်ရှိလာတဲ့ပန်းမုန်လာတွေ သီရိမာလာကုန်စိမ်းဈေးအတွင်းကို နေ့စဉ်လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ အောင်ပန်းနယ်ဒေသထွက်တဲ့ ပန်းမုန်လာတွေက နည်းသွားပါပြီ။ ဈေးကွက်အတွင်းမှာ ပန်းမုန်လာအရောင်းဝယ်တွေကောင်းတဲ့အပြင် အခြား ကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ ခါကြက်ဥစတဲ့သီးနှံတွေလဲ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# ယခုနှစ်တွင် အရည်အသွေးကောင်း စိန်တလုံးသရက်သီးများကို စင်ကာပူနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရာ ဈေးကောင်းရရှိ



**မန္တလေး ဇွန် ၁၅**

ယခုနှစ်တွင် အရည်အသွေးကောင်း စိန်တလုံးသရက်သီးများကို စင်ကာပူနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရာ ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

စိန်တလုံးသရက်သီးများကို သရက်စိုက်တောင်သူများက မေလအတွင်းမှစ၍ ယနေ့ထိ စင်ကာပူနိုင်ငံဈေးကွက်သို့ တစ်နိုင်တစ်ပိုင်အနေဖြင့် တင်ပို့ရောင်းချနေကြောင်း၊ တင်ပို့ရောင်းချရာတွင် ပင်လယ်ရေကြောင်းနှင့်လေကြောင်းတို့မှတင်ပို့ရောင်းချနေရာ တစ်တန်လျှင် ငွေကျပ် ၁၅ သိန်းရရှိသဖြင့် ဈေးကောင်းများ ရရှိနေကြောင်း သိရသည်။

"စင်ကာပူနိုင်ငံကို စိန်တလုံးသရက်သီးတွေ တင်ပို့နေပါတယ်။ အရည်အသွေးကောင်းတဲ့ အသီးတွေကို ပို့နေတာပါ။ ဈေးကွက်ကတော့ ကောင်းပါတယ်။ လေကြောင်းကော၊ ရေကြောင်းကပါ ပို့ကြပါတယ်။ တစ်နိုင်တစ်ပိုင်အနေနဲ့ သွားနေကြတာပါ။ ဆက်လက်ပြီး တင်ပို့ရောင်းချသွားဖို့လဲ စီစဉ်ဆောင်ရွက်နေကြပါတယ်။ ဒီနှစ်က ရာသီဥတုကြောင့် အသီးအထွက်နှုန်းနည်းပါတယ်။ ဈေးကောင်းတော့ ရရှိကြပါတယ်"ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

အဆိုပါ သရက်သီးများကို နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့မှ အများဆုံးစိုက်ပျိုးထွက်ရှိကြောင်း၊ စင်ကာပူသို့ တင်ပို့ရာတွင် အအေးခန်းများဖြင့် တင်ပို့ခြင်းဖြစ်ပြီး တောင်သူများထံမှ ဝယ်ယူရာတွင်လည်း စံချိန်စံညွှန်းမီ သရက်သီးများကို အရွယ်အစားအလိုက် ဈေးနှုန်းသတ်မှတ် ဝယ်ယူခြင်းဖြစ်ကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ သိရသည်။

(၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဇွန် ၁၅**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် ဆိုင်ကယ်အသစ်တင်သွင်းမှု လျော့ကျလာသည့်အတွက် တင်သွင်းပြီးသား အသစ်ဘီးများနှင့် တစ်ပတ်ရစ်ဘီးများသာ အရောင်းအဝယ်ပြုလုပ်နေရသဖြင့် ဆိုင်ကယ်ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ဆိုင်ကယ်ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် တစ်ပတ်ရစ်ဈေးကွက်တွင်လည်း အရောင်းဘီးများသာများနေဆဲဖြစ်ပြီး အရောင်းအဝယ်အေးနေဆဲဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click(ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၅ သိန်း၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ်သိန်း ၂၀ မှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၂ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၆ သိန်းမှ ၂၀ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်) မှာ ငွေကျပ် ၁၇ သိန်း၊ Click (စပုတ်)မှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းခန့်၊ Scoopy i အမျိုးအစားဘီးများမှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းမှ ၁၆ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၈ သိန်းမှ ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၈ သိန်းမှ ၂၃ သိန်း ၅ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

မန္တလေး ကားဈေးကွက်အတွင်း နယ်ဝယ်လက် အဆင်နည်းလာမှုကြောင့် အရောင်းအဝယ် အေးသွားသော်လည်း နံပါတ်ထွက်ပြီးသား ဂျပန်တစ်ပတ်ရစ်ညာမောင်းကားများ အရောင်းအဝယ်ရှိနေဆဲဖြစ်ကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ယခုအခါ နံပါတ်ထွက်ပြီးသား ဂျပန်ညာမောင်း တစ်ပတ်ရစ်ကားများ၌ ဟွန်ဒါဖစ်နှင့် ကလူဂါကားများ ဈေးကွက်ကို ဦးဆောင်နေပြီး လုပ်ငန်းသုံးကားများလည်း ဈေးမြင့်တက်လာကြောင်း၊ လူကြိုက်များသည့် ဂျပန်တစ်ပတ်ရစ် ညာမောင်းကားမှာ ငွေကျပ် သိန်း ၇၀ ခန့်ထိ ဈေးနှုန်းမြင့်တက်သွားပြီး ဈေးမာနေကြောင်း သိရသည်။

၆၆၀ စီစီပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ်သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၃၀ ခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီးလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၀၀၊ အော်တို ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရာဝတီကပ်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တစ်ဦးချင်းအကျိုးနဲ့ အများအကျိုးဖျက်ဆီးမှုအတွက် ခံကြရမဲ့ပြဋ္ဌာန်းချက်

မောင်မြင့်မိုးသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ. . . အလှမွေးမြူထားတဲ့ ရွှေငါးကောင်ရေ ၅၀၀၀ လောက် အဆိပ်ခတ်ခံရလို့ သေဆုံးတဲ့သတင်းကိုဖတ်ပြီး ရင်ထဲမှာ နင့်သွားတယ်ကွာ။ ငါးလေးတွေ သနားပါတယ်"

"ဟုတ်လား။ ဘယ်မှာပါတဲ့သတင်းလဲကွ။ ပြောပြစမ်းပါအုံး"

"၂၀၁၃ ခုနှစ် မေ ၂၃ ရက်ထုတ် **'ခံတော်ချိန်'** နေ့စဉ်သတင်းစာမှာပါတာကွ။ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ နိဗ္ဗာန်ချမ်းသာမင်္ဂလာကန်မှာ အလှမွေးမြူထားတဲ့ရွှေငါးတွေကို အမည်မသိလူတစ်စုက အဆိပ်ခတ်သွားလို့ ရွှေငါးကောင်ရေ ၅၀၀၀ လောက်သေဆုံးသွားတာတဲ့။ အဲဒီကန်ထဲမှာ နိဗ္ဗာန်ချမ်းသာမင်္ဂလာနာရေးကူညီမှုအသင်းက မွေးမြူထားပြီး သဘာဝရွှေငါးကြင်းကန်အဖြစ် ဘယ်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုနိုင်တဲ့ကန်ဖြစ်တယ်တဲ့။ အနံ့တွေထွက်လာလို့ ရေထဲဆင်းငုံကြည့်တော့ ရေအောက်မှာ ငါးတွေအများကြီးသေနေကြတာတဲ့။ ငါးတွေက အကောင်တော်တော်ကြီးနေပြီတဲ့။ တစ်ကောင်ကို ကာလပေါက်ဈေးငွေကျပ်သိန်း ၄၀ လောက်ရှိတယ်တဲ့။ ဒီငါးတွေကို ပရဟိတအသင်းက မွေးရင်းပွားရင်းအကောင်တွေတိုးလာတာတဲ့။ ဘယ်သူတွေက ဘယ်လိုစိတ်နဲ့ ဒီလိုမျိုးလုပ်သွားတယ်ဆိုတာ မသိရသေးဘူး။ စုံစမ်းနေကြတယ်တဲ့။ သေဆုံးသွားတဲ့ရွှေငါးတွေကို Light Truck ကားလေးစီးနဲ့ သယ်ဆောင်ပြီး သုသာန်မှာမြေမြှုပ်ကြမယ်လို့ ပြည့်ပြည့်စုံစုံဖော်ပြထားတယ်ကွ"

"ကြားရရုံနဲ့နားမသက်သာဆိုသလိုပဲ။ တော်တော်ယုတ်မာရက်စက်ကြတာပေါ့ကွာ။ တစ်ယောက်နဲ့တစ်ယောက် မနာလိုမရှုဆိတ်ဖြစ်နေကြတာတွေ၊ အမုန်းအာဃာတတွေကြောင့် အဲဒီလိုရက်စက်ယုတ်မာကြတာကွ။ ကြားထဲက ရွှေငါးလေးတွေလဲ အချောင်မားစာခံဖြစ်ကြရတာကွ။ မင်းက အဲဒီသတင်းကိုပြောပြတော့ ငါတာဝန်ခံအယ်ဒီတာထမ်းဆောင်ခဲ့တဲ့ **'မှုခင်းရှုထောင့်ဂျာနယ်'**မှာဖော်ပြခဲ့တဲ့ **'ပိုင်ရှင်ကိုအငြိုးအတေးနဲ့ တိရစ္ဆာန်ကိုဖျက်ဆီးမယ်ဆိုရင်'**ဆိုတဲ့ ဥပဒေပြဋ္ဌာန်းချက်ကို သတိရသွားတယ်ကွ"

"ဘယ်လိုအငြိုးနဲ့ ဘယ်လိုဖျက်ဆီးတာလဲကွ"

"ဒီလိုကွ။ နယ်က ငါ့သားချင်းတစ်ယောက်ကွာ။ တစ်နိုင်တစ်မွေးမြူရေးလုပ်တယ်။ ကြက်၊ဘဲမွေးတယ်။ ကြိုးစားတာကော နည်းစနစ်မှန်တာကြောင့်ပါ သူ့မွေးမြူရေးလုပ်ငန်းက အောင်မြင်ခဲ့တယ်ကွ။ ဒါပေမဲ့ ကြက်ငှက်တုပ်ကွေးရောဂါသတင်းတွေ ပြန့်လာတော့ အရင်းရရင်ပြီးရောဆိုပြီး လျှော့ဈေးနဲ့ အကုန်လုံးကို ရောင်းပစ်လိုက်တယ်။ မွေးမြူရေးစိတ်က မကုန်သေးတော့ နို့စားနွားမသုံးကောင်ကို ဝယ်မွေးထားတယ်။ အောင်မြင်တာပဲကွ။ စီးပွားရေးလဲ ပြေလည်လာတယ်။

အဲဒီလိုစီးပွားရေးပြေလည်လာချိန်မှာ မနာလိုဝန်တိုသူက ပေါ်လာတယ်ကွာ။ သူ့လို နို့စားနွားတွေမွေးတဲ့သူက သူတို့မြို့မှာ သုံး၊ လေးယောက်ရှိတယ်တဲ့။ အဲဒီထဲက တစ်ယောက်က သူနဲ့အပြိုင်နွားနို့ပို့ရင်း သူ့နွားနို့နာမည်ရပြီး ပြိုင်ဘက်က နာမည်မရဘဲ ဖောက်သည်တွေပျက်ကုန်တယ်တဲ့။ အဲဒါကြောင့် သူ့ကိုအငြိုးထားပြီး သူ့နို့စားနွားမနှစ်ကောင်ကို အဆိပ်ခတ်သတ်လိုက်တယ်တဲ့ကွာ။

ရဲတပ်ဖွဲ့က သက်သေအထောက်အထားအပြည့်အစုံနဲ့ အဲဒီအဆိပ်ခတ်သတ်တဲ့တရားခံကို ဖမ်းခဲ့တယ်။ တော်တော်ယုတ်မာတဲ့လူပဲကွ။ နွားမကြီးတစ်ကောင်ဆိုရင် အထဲမှာရှိတဲ့ သန္ဓေတည်ခါစ သားငယ်လေးပါ သေသွားရတာတဲ့ကွ။ အဲဒီတရားခံ ဘယ်လိုပြစ်ဒဏ်ကျခံခဲ့ရသလဲဆိုတာ ရှင်းပြမယ်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၂၉ နဲ့ ငြိနေတာကွ။ ပုဒ်မ-၄၂၉ မှာ ပြဋ္ဌာန်းထားတာက-

**"မည်သူမဆို အဖိုးမည်မျှထိုက်တန်စေကာမူ ဆင်ကိုသော်လည်းကောင်း၊ ကုလားအုတ်ကိုသော်လည်းကောင်း၊ မြင်းကိုသော်လည်းကောင်း၊ လားကိုသော်လည်းကောင်း၊ ကျွဲကိုသော်လည်းကောင်း၊ နွားသိုးကိုသော်လည်းကောင်း၊ ငွေငါးဆယ်ကျပ်ထက်မနည်းတန်ဖိုးရှိသော အခြားတိရစ္ဆာန်ကိုသော်လည်းကောင်း သတ်ဖြတ်ခြင်းဖြစ်စေ၊ အဆိပ်ခတ်ခြင်းဖြစ်စေ၊ အင်္ဂါပျက်ယွင်းစေခြင်းဖြင့်ဖြစ်စေ၊ အသုံးမဝင်အောင်ပြုခြင်းဖြင့်ဖြစ်စေ အကျိုးဖျက်ဆီးမှုကိုကျူးလွန်လျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးသော်လည်းကောင်း၊ ငွေဒဏ်သော်လည်းကောင်း၊ ဒဏ်နှစ်ရပ်လုံးသော်လည်းကောင်း ချမှတ်ရမည်"**လို့ ပြဋ္ဌာန်းထားတယ်ကွ။

မင်းရှင်းအောင်ပြောရရင် ပုဒ်မ-၄၂၈ မှာပြဋ္ဌာန်းထားတာက **"ငွေတစ်ဆယ်ကျပ်အောက်မနည်း တန်ဖိုးရှိတဲ့ တိရစ္ဆာန်တစ်ကောင် ဒါမှမဟုတ် တိရစ္ဆာန်အများကိုသတ်ရင်၊ အသုံးမဝင်အောင်ဖျက်ဆီးရင်**

❖ အများပြည်သူသွားလာရာ ကတ္တရာလမ်းမကြီးပေါ်မှာ လှည်းမမောင်းရလို့ အမိန့်ထုတ်ပြန်ထားပါရက်နဲ့ လှည်းမောင်းလို့ လမ်းမကြီးပျက်စီးသွားရင် ဒီပုဒ်မနဲ့ အရေးယူလို့ရတယ်ကွ။ တမင်သက်သက် ဖျက်ဆီးချင်လို့ဖျက်ဆီးကြတာကတော့ ပိုဆိုးပိုယုတ်မာကြလို့ တရားခံတွေဟာ ထိုက်တန်တဲ့ပြစ်ဒဏ်ကျခံသွားကြရတာပေါ့ကွာ။ ရေယာဉ်တွေသွားလာရာလမ်းမှာ ငါးဖမ်းပိုက်တွေချထားတာမျိုး၊ သစ်ဖောင်၊ ဝါးဖောင်တွေမျှောတာမျိုး၊ သစ်ပင်ကြီးတွေကို လှဲချထားတာမျိုးတွေဟာ လမ်းပိတ်ဆို့ထားလို့ အကျိုးဖျက်ဆီးမှုနဲ့ အကျုံးဝင်တယ်ကွ။ ❖

**ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမဲ့အပြင် ငွေဒဏ်လဲချမှတ်နိုင်တယ်"**လို့ ပြဋ္ဌာန်းထားတယ်ကွ။

ဒီပုဒ်မ-၄၂၉ က ပုဒ်မ-၄၂၈ ထက် ပြင်းထန်တယ်ကွ။ ပုဒ်မ-၄၂၉ နဲ့ အကျုံးဝင်တဲ့အင်္ဂါရပ်တွေကတော့-

**၁။ ပုဒ်မ-၄၂၆ မှာပြဋ္ဌာန်းထားတဲ့ အင်္ဂါရပ်တွေဖြစ်တဲ့-**

**(က) တရားခံဟာ အများပြည်သူ ဒါမှမဟုတ် လူတစ်ဦးတစ်ယောက်ရဲ့ ပစ္စည်းကိုဖျက်ဆီးခြင်း ဒါမှမဟုတ် ပစ္စည်းရဲ့အနေအထားပြောင်းလဲခြင်း၊**

**(ခ) တရားခံရဲ့ပြုလုပ်မှုကြောင့် ပစ္စည်းပျက်စီးဆုံးရှုံးခြင်း ဒါမှမဟုတ် ပစ္စည်းရဲ့တန်ဖိုးဖြစ်စေ၊ အသုံးဝင်မှုဖြစ်စေ ယုတ်လျော့စေခြင်း၊ နစ်နာစေခြင်း၊**

**(ဂ) တရားခံဟာ အများပြည်သူ ဒါမှမဟုတ် လူတစ်ဦးတစ်ယောက်ကို ဆုံးရှုံးနစ်နာစေရန်အကြံနဲ့ဖြစ်စေ၊ အဲဒီလိုဆုံးရှုံးနစ်နာမှုကို သိရက်နဲ့ဖြစ်စေ ပြုမှုခြင်း၊**

**(ဃ) မတရားသဖြင့်ဆုံးရှုံးခြင်း ဒါမှမဟုတ် နစ်နာပျက်စီးစေခြင်းကိုဖြစ်စေခြင်း**

**၂။ အကျိုးဖျက်ဆီးခြင်းခံရတဲ့ပစ္စည်းမှာ ဆင်၊ ကုလားအုတ်၊ မြင်း၊ လား၊ ကျွဲ၊ နွားသိုး၊ နွားမ၊ နွားထီး ဒါမှမဟုတ် ငွေငါးဆယ်အောက်မနည်း တန်ဖိုးရှိတဲ့တိရစ္ဆာန်ဖြစ်ခြင်း**ဆိုတဲ့ အင်္ဂါရပ်တွေပဲကွ။

အဲဒီအင်္ဂါရပ်တွေအရ ဆေးခတ်သတ်တဲ့အပြင် ဒေါသအလျောက်ဖြစ်ဖြစ်၊ ပိုင်ရှင်ကို အငြိုးနဲ့ဖြစ်ဖြစ် ခိုင်းနွားတစ်ကောင်ကို သုံးမရအောင် ဓားနဲ့ခုတ်ရင်၊ ကားနဲ့တိုက်ခဲ့ရင်လဲ ပုဒ်မ-၄၂၉ နဲ့ ငြိတာပဲကွ။ ဒီတော့ ရက်စက်ယုတ်မာတဲ့တရားခံဟာ ပြဋ္ဌာန်းထားတဲ့ဥပဒေအရ ပြစ်ဒဏ်ကျခံရတာပေါ့ကွာ။ အခု ရွှေငါးလေးတွေကို အဆိပ်ခတ်သူတွေလဲ ဖမ်းဆီးရမိရင် ထိုက်တန်တဲ့ပြစ်ဒဏ်ကျခံရမှာပဲကွ။ အလားတူ ဖြစ်ရပ်တွေ၊ ပြစ်မှုတွေ အများကြီးရှိတယ်ကွ"

"မင်းရှင်းပြတော့မှပဲ တိရစ္ဆာန်တွေအတွက် အကာအကွယ်ပေးထားတဲ့အပြင် အသုံးပြုနေတဲ့ပိုင်ရှင်တွေအတွက် အာမခံချက်ပေးထားတဲ့ဥပဒေအကြောင်း သိလိုက်ရတယ်ကွာ။ ကျေးဇူးပါပဲ သူငယ်ချင်းရာ"

"စကားစပ်မိလို့ အလားတူပြစ်မှုမျိုးတစ်ခုရှိသေးတယ်ကွ။ အခု ငါပြောပြခဲ့တာက လူတစ်ယောက်ချင်း မနာလိုမှု၊ ဝန်တိုမှု၊ အငြိုးအတေးတွေကြောင့် ယုတ်မာမှု၊ လုပ်ကြံမှုတွေကွ။ အများရဲ့အကျိုးကို ဖျက်ဆီးမှုဆိုတာ ရှိသေးတယ်"

"ငါသိပ်စိတ်ဝင်စားတယ်။ ပြောပြစမ်းပါအုံးကွာ"

"ရွာတစ်ရွာမှာ တောင်ဘက်ခြမ်းနဲ့ မြောက်ဘက်ခြမ်းဆိုပြီး နှစ်ခြမ်းရှိတယ်ကွ။ တောင်ဘက်ခြမ်းနဲ့ မြောက်ဘက်ခြမ်းကို တောင်ကျချောင်းက ခြားထားတယ်။ ချောင်းက ကျယ်လဲကျယ်တယ်။ ရေစီးကလဲသန်တယ်။ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းဆိုပါတော့ကွာ။ တစ်ဖက်ကမ်းကိုသွားလာချင်ရင် လှေရှိသူတွေက လှေနဲ့ ကူးရတယ်။ လှေမရှိသူတွေကတော့ လှေစီးခပေးပြီး လှေနဲ့ကူးကြရတယ်။ အဲဒီလို လှေနဲ့ပို့ဆောင်တဲ့လုပ်ငန်းကိုလဲ အပြိုင်အဆိုင်လုပ်ကြတယ်။ ရောင်းဝယ်ဖောက်ကားမှုတွေကလဲရှိတော့ ရွာမှာ သင့်တင့်တဲ့ဝင်ငွေရနေကြတယ်။

ဒါပေမဲ့ လက်လုပ်လက်စားတွေ၊ ကျောင်းသား၊ ကျောင်းသူတွေက နေ့စဉ်ဘယ်အကုန်အကျခံနိုင်ပါ့မလဲကွာ။ ဆွမ်းခံကြွတဲ့ဘုန်းတော်ကြီးတွေလဲ အခက်အခဲမျိုးစုံကြုံကြရတယ်။ ဒီတော့ ကျေးရွာမှာရှိတဲ့လူကြီးတွေက သွားလာလို့ရအောင် ကြိုးတွေ၊ ဝါးတွေ၊ သစ်တွေ ရောနှောပါတဲ့တံတားတစ်ခုကို စုပေါင်းတည်ဆောက်ကြတယ်။ တတ်သလိုလုပ်ထားတဲ့ အရပ်တံတားပေါ့ကွာ။ အဲဒီတံတားလဲပြီးသွားရော သွားရေးလာရေးမှာ အဆင်ပြေသွားတယ်ကွ။ ရွာသူ၊ ရွာသားတွေ အများစု သဘောကျကျေနပ်နေကြတယ်။

အနည်းစုက မကျေနပ်ဘူးကွ။ ဘယ်သူတွေလဲဆိုရင် လှေကူးတို့လိုက်နေသူတွေပေါ့ကွာ။ သူတို့ဝင်ငွေကို ထိခိုက်သွားလို့ပေါ့။ တစ်နေ့ညမှာတော့ မိုးမရွာ၊ လေမတိုက်ဘဲ အဲဒီရွာတံတားလေးဟာ ပြိုကျပျက်စီးသွားပါလေရောကွာ။ တံတားရဲ့အလယ်မှာရှိတဲ့ ထောက်တိုင်နှစ်တိုင်ဟာ ကျိုးပြီးပြိုကျသွားတာတဲ့။

ဒါနဲ့ ရွာလူကြီးတွေက တံတားဘာကြောင့်ကျိုးကျရတယ်ဆိုတာကို လေ့လာစုံစမ်းတော့ လှေကူးတို့လိုက်သူနှစ်ယောက်က အရက်မူးမူးနဲ့ လှေနဲ့တံတားအလယ်ထောက်တိုင်တွေကို ဝင်တိုက်မိလို့ကျိုးကျသွားတာလို့ သိရတယ်တဲ့။ ရွာလူကြီးတွေက ဒါဟာ မရိုးသားဘူး။ တံတားကို တမင်ဖျက်ဆီးတာပဲဆိုပြီး ရဲစခန်းမှာ အမှုဖွင့်လိုက်ကြတယ်တဲ့။

လှေကူးတို့သမားတွေကလဲ သူတို့က ငွေကြေးပြည့်စုံတော့ ရှေ့နေငှားပြီး ထုချေခဲ့ကြတယ်။ ရှားရှားပါးပါးဖြစ်ရပ်ဆန်းမှုခင်းပါပဲကွာ။

သက်သေအထောက်အထားခိုင်မာတော့ **ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၃၁** နဲ့ ငြိတာပေါ့ကွာ။ **ပုဒ်မ-၄၃၁ မှာ ဘယ်လိုပြဋ္ဌာန်းထားသလဲဆိုရင်-**

**"မည်သူမဆို ပြည်သူသွားလာရာလမ်းကိုသော်လည်းကောင်း၊ တံတားကိုသော်လည်းကောင်း၊ ရေယာဉ်သွားလာနိုင်သည့် မြစ်၊ ချောင်း၊ တူးမြောင်းကိုသော်လည်းကောင်း စရိုးသွားလာမှုအတွက်ဖြစ်စေ၊ ပစ္စည်းသယ်ယူပို့ဆောင်မှုအတွက်ဖြစ်စေ၊ မသွားမလာနိုင်အောင် သို့တည်းမဟုတ် လုံခြုံမှုလျော့ပါးအောင်ဖြစ်စေသော သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည်ကို မိမိသိသောပြုလုပ်မှုကို ပြုခြင်းဖြင့် အကျိုးဖျက်ဆီးမှုကိုကျူးလွန်လျှင် ထိုသူကို ငါးနှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"**လို့ ပြဋ္ဌာန်းထားတယ်ကွ။

ဒီပုဒ်မနဲ့အကျုံးဝင်တဲ့အင်္ဂါရပ်တွေကတော့-

**၁။ ပုဒ်မ-၄၂၆ မှာပြဋ္ဌာန်းထားတဲ့ အကျိုးဖျက်ဆီးမှုနဲ့ အကျုံးဝင်ရမယ်၊**

**၂။ ပြည်သူသွားရာလမ်း၊ တံတား၊ ရေယာဉ်သွားလာနိုင်တဲ့ မြစ်၊ ချောင်း၊ တူးမြောင်းတစ်ခုခုမှာ စရိုးသွားလာမှုအတွက်ဖြစ်စေ၊ ပစ္စည်းသယ်ယူပို့ဆောင်မှုအတွက်ဖြစ်စေ၊ မသွားမလာနိုင်အောင် ဒါမှမဟုတ် လုံခြုံမှုလျော့ပါးအောင် သိရက်နဲ့ပြုလုပ်ခြင်းဆိုပြီး အင်္ဂါရပ်နှစ်ရပ်နဲ့ ထောက်ပြထားတယ်ကွ။**

မင်း လွယ်လွယ်နဲ့ နားလည်အောင်ပြောရရင် အများပြည်သူသွားလာရာ ကတ္တရာလမ်းမကြီးပေါ်မှာ လှည်းမမောင်းရလို့အမိန့်ထုတ်ပြန်ထားပါရက်နဲ့ လှည်းမောင်းလို့လမ်းမကြီးပျက်စီးသွားရင် ဒီပုဒ်မနဲ့ အရေးယူလို့ရတယ်ကွ။ တမင်သက်သက် ဖျက်ဆီးချင်လို့ဖျက်ဆီးကြတာကတော့ ပိုဆိုးပိုယုတ်မာကြလို့ တရားခံတွေဟာ ထိုက်တန်တဲ့ပြစ်ဒဏ် ကျခံသွားကြရတာပေါ့ကွာ။

ရေယာဉ်တွေသွားလာရာလမ်းမှာ ငါးဖမ်းပိုက်တွေချထားတာမျိုး၊ သစ်ဖောင်၊ ဝါးဖောင်တွေမျှောတာမျိုး၊ သစ်ပင်ကြီးတွေကို လှဲချထားတာမျိုးတွေဟာ လမ်းပိတ်ဆို့ထားလို့ အကျိုးဖျက်ဆီးမှုနဲ့ အကျုံးဝင်တယ်ကွ။ ရွာတွေမှာဖြစ်လေ့ဖြစ်ထရှိတာက ရွာအဝင်လမ်းတွေမှာ ခြံစည်းရိုးကာရင်းက လမ်းပိတ်ဆို့မှုတွေ၊ လယ်ယာတောကို သွားရာလမ်းမှာ ပိတ်ဆို့ကာရံထားတာမျိုးတွေဟာ အမှုအခင်းဖြစ်နိုင်တာတွေပေါ့ကွာ။

**ကျင့်ထုံးအနေနဲ့က ရဲအရေးပိုင်တယ်။ ကနဦးကပင် ဝရမ်းထုတ်ပေးနိုင်တယ်။ အာမခံပေးနိုင်တယ်။ ကျေအေးခွင့်မရှိဘူး။ ပထမတန်း ဒါမှမဟုတ် ဒုတိယတန်း အာဏာရပြစ်မှုတရားသူကြီး စစ်ဆေးစီရင်နိုင်တယ်။ ပြည်နယ်၊ တိုင်းဒေသကြီးနဲ့ မြို့နယ်တရားရုံးတွေမှာ စစ်ဆေးနိုင်တယ်။**

တကယ်တော့ လမ်းပိတ်ဆို့တာတို့၊ လမ်းဖျက်ဆီးတာတို့ဆိုတာက သောင်းကျန်းသူအဖျက်သမားတွေရဲ့ ဖျက်ဆီးမှုလုပ်ရပ်ပါကွာ။ ကျန်တာတွေကတော့ မသိနားမလည်လို့ ပြုလုပ်မိတဲ့အမှား၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေကြောင့် စိတ်နောက်ကိုယ်ပါဖြစ်ကြရာက ကျူးလွန်မိတဲ့အမှားတွေပါကွာ။


တကယ်တော့ လမ်းဖောက်တယ်။ တံတားဆောက်တယ်ဆိုတာ ကုသိုလ်တောင်ရတဲ့ နတ်လူသာဓုခေါ်တဲ့ ကောင်းမှုလုပ်ရပ်ပါကွာ။ မာယလုလင် သိကြားမင်းဖြစ်သွားတာ အဲဒီလိုကောင်းမှုကုသိုလ်ကြောင့်ဆိုတာ အားလုံးအသိပါ။ အခုတော့ တံတားမဆောက်တဲ့အပြင် ကြိုတင်ကြံစည်မှုနဲ့ တံတားကိုဖျက်ဆီးလိုက်ကြတာကတော့ လောကီငရဲဆိုတဲ့ အချုပ်ထဲရောက်၊ ထောင်ကျခံရမဲ့အပြင် သေရင်လဲ ငရဲရောက်မှာ သေချာတယ်ကွ"

"သိပ်မှန်တာပေါ့ သူငယ်ချင်းရာ"


**ကိုးကား**

- **ဦးသက်ဖေ(ဘီအေဘီအယ်လ်) တရားရုံးချုပ်တရားသူကြီး(ငြိမ်း)၏ ပြစ်မှုဆိုင်ရာဥပဒေ၏ သိကောင်းစရာများ။**
- **မြန်မာနိုင်ငံရာဇသတ်ကြီး(၁၉၇၄)**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေ တစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ယခုဘဏ္ဍာနှစ် ဧပြီလနှင့် မေလတွင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၈၄၀ ကျော်ဖိုး ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဇွန် ၁၅**

ယခုဘဏ္ဍာနှစ် ဧပြီလနှင့် မေလတွင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၈၄၀ ကျော်ဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။




မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယခုဘဏ္ဍာနှစ် ဧပြီလနှင့်မေလ နှစ်လတာကာလအတွင်းတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၄၆၁ ဒသမ ၆၇၉ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၃၈၄ ဒသမ ၈၃၈ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၄၆ ဒသမ ၅၁၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၇၃ ဒသမ ၂၇၆ သန်းဖြင့် ကုန်သွယ်မှုပမာဏ အများဆုံး ဆောင်ရွက်နိုင်ခဲ့ပြီး မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်က ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၁၁ ဒသမ ၉၀၉ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒုတိယအများဆုံး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၃၄၆ သန်းဖြင့် ကုန်သွယ်မှုပမာဏ တတိယအများဆုံးဆောင်ရွက်နိုင်ခဲ့ပြီး မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉၅၈ သန်းဖြင့် ကုန်သွယ်မှုပမာဏ စတုတ္ထအများဆုံးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၇၇ သန်းဖြင့် ကုန်သွယ်မှုပမာဏ ပဉ္စမအများဆုံးဆောင်ရွက်နိုင်ခဲ့ပြီး မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅၁ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဆဋ္ဌမအများဆုံး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကာလအတွင်းတွင် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းမှာ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

SKL

# ချောက်မြို့နယ် ကင်မွန်းခြံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ချောက် ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ချောက်မြို့နယ် ကင်မွန်းခြံကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဇွန် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကင်မွန်းခြံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ လက်ရှိတွင် ကျေးရွာသူ၊ ကျေးရွာသားများနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် ရေရယူသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် ကျေးရွာမှတာဝန်ရှိသူများကို ကင်မွန်းခြံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်မည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကင်မွန်းခြံကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၁၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့်ခုနစ်ပေရှိ ရေစက်ရုံနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ချောက်မြို့နယ် ကင်မွန်းခြံကျေးရွာရှိ အိမ်ခြေ ၁၈၀၊ လူ ၁၀၀၉ ဦးနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် လုံလောက်သောသောက်သုံးရေကို အခက်အခဲမရှိ အိမ်တိုင်ရာရောက်ရရှိနိုင်မည်ဖြစ်ကြောင်း ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နိုင်ထံမှ သိရသည်။

**နွံ့ယဉ်**

# ရွာသို့တစ်ခေါက် အလည်ရောက်

\- ဇာတိမွေးရာ ထက်အညာကို
ရင်မှာသတိရ သွားလိုလှ၍
ရောက်ရပါပြီ တစ်နှစ်ဆီက
ဝင်သည်ရွာဖျား ရေ့တံခါး၌
စောင့်စားမသွေ ငါ့အမေမှာ
မျက်ရည်လည်ကာ ဝမ်းသာ၏။

\- ပါလာလေငြား လက်ဆောင်များဖြင့်
တူသားနှောင်မယ် ကလေးငယ်နှင့်
ခင်တွယ်ငယ်ပေါင်း ပေးဝေကြောင်းမို့
နှစ်ထောင်းအားရ ဆုံညကြ၍
ရွှင်ပျမျက်နှာ မြင်ယောင်ပါသည်
ကျေးရွာစရိုက် နှစ်ခြိုက်ခဲ့။

\- တစ်အိမ်တက်ဆင်း လည်ပတ်ခြင်းနှင့်
ထမင်းလက်ဆုံ စားကာကြုံ၍
ငြင်းခုံလေကြောင်း ငယ်အပေါင်းနှင့်
ရှေးဟောင်းနှောင်းဖြစ် ခွဲကာလှစ်တော့
စင်စစ်ရင်ထဲ နုပျိုဆဲဟု
မှတ်စွဲကေန် ထင်ကျန်၏။

\- ဩော် . . .
နှုတ်ဆက်စကား ပြောကာထားတော့
ဟန့်တားကာနေ ငါ့အမေက
ယူစေလက်ဆောင် ဆယ်တောင်စောင်နှင့်
ညီနောင်ဆွေမျိုး မျက်နှာညှိုး၍
ဖွံ့ဖြိုးသာယာ တို့ကျေးရွာကို
နောင်ခါတစ်ခေါက် အလည်ရောက်ဖို့
ကြိုထောက်ကာမျှ ဖိတ်ခေါ်ကြတော့
ဝမ်းမြောက်ရွှင်ပျသည်တကား။ ။

**စိန်ဌေးလှိုင်(ဟိုပုံးမြေ)**

# မိုးညှင်းမြို့နယ် တောင်ယာဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညှင်း ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ယာဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ယဉ်သူဇာအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အသင်းဝင်များ လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ဖြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

မိုးညှင်းမြို့နယ် တောင်ယာဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နှမ်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၀ သန်းထုတ်ချေးပေးခဲ့ကြောင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ပြောပြ၍ သိရသည်။

**အေးမြတ်**




# လာမည့်ရက်ပိုင်းအတွင်း လွှတ်တော်ကို ဖျက်သိမ်းမည်မဟုတ်ဟု ဂျပန်ဝန်ကြီးချုပ်ပြောကြား

**တိုကျို ဇွန် ၁၅**

လာမည့်ရက်ပိုင်းအတွင်း အမျိုးသားဒိုင်းယက်လွှတ်တော်ကို မိမိအနေဖြင့် ဖျက်သိမ်းမည်မဟုတ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ယနေ့တွင် ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်အနေဖြင့် လက်ရှိအာဏာရပါတီအတွင်း ဩဇာပိုမိုခိုင်မာရေးအတွက် လွှတ်တော်ရွေးကောက်ပွဲများကိုသတ်မှတ်ချိန်ထက်စော၍ ကျင်းပဖွယ်ရှိသည်ဆိုသော ထင်ကြေးများပေါ်ထွက်လာပြီးနောက် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ၏အဆိုပါတုံ့ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဟီရိုရှီးမားမြို့၌ ဂျီ-၇ ထိပ်သီးညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုကြောင့် ဝန်ကြီးချုပ် ကီရှီဒါအပေါ် လူထုထောက်ခံမှုနှုန်းမြင့်တက်လာချိန် ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်ကပင် ဝန်ကြီးချုပ်အနေဖြင့် လွှတ်တော်ကို ဖျက်သိမ်းနိုင်ကြောင်း ထင်ကြေးများစတင်ပေါ်ထွက်လာခဲ့သည်။

သို့ရာတွင် လက်ရှိကျင်းပဆဲလွှတ်တော်ညီလာခံကာလအတွင်း လွှတ်တော်ကို ဖျက်သိမ်းရေးအတွက် မိမိစဉ်းစားထားခြင်းမရှိကြောင်း ဝန်ကြီးချုပ် ကီရှီဒါက ဝန်ကြီးချုပ်ရုံး၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပုံမှန်အားဖြင့်ဆိုလျှင် ဂျပန်အောက်လွှတ်တော်ရွေးကောက်ပွဲများကို ၂၀၂၅ ခုနှစ်မှသာ ကျင်းပရမည်ဖြစ်သည်။

သို့သော် ဂျပန်ဝန်ကြီးချုပ်အနေဖြင့် လာမည့်နှစ်တွင် လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ရွေးချယ်ပွဲနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

KKO

# ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်ဘင်ဖာဟန်း အီရန်နိုင်ငံသို့ သွားရောက်မည်

**တီဟီရန် ဇွန် ၁၅**

ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး မင်းသား ဖိုင်ဆယ်ဘင်ဖာဟန်းသည် ဇွန် ၁၇ ရက်တွင် အီရန်နိုင်ငံသို့သွားရောက်ရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီးဖိုင်ဆယ်ဘင်ဖာဟန်း အီရန်နိုင်ငံသို့လာရောက်မည့်အစီအစဉ်ကို အီရန်အစိုးရမီဒီယာများက အတည်ပြု သတင်းထုတ်ပြန်ထားသည်။

အီရန်ခရီးစဉ်အတွင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးသည် အီရန်ထိပ်တန်း ခေါင်းဆောင်များနှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်း အီရန်မီဒီယာများ၏ အဆိုအရ သိရသည်။

၂၀၁၆ ခုနှစ်မှစ၍ သံတမန်ဆက်ဆံရေးပြတ်တောက်ခဲ့ကြသော အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည်တရုတ်နိုင်ငံ၏ကြားဝင်ညှိနှိုင်းပေးမှုဖြင့် တရားဝင်သံတမန်ဆက်ဆံရေး ပြန်လည်စတင်ရန် ယခုနှစ်မတ်လအတွင်း သဘောတူခဲ့ကြပြီးဖြစ်သည်။

အီရန်နိုင်ငံသည် ၎င်း၏ ဆော်ဒီအာရေဗျဆိုင်ရာ အီရန်သံရုံးကို ဇွန် ၇ ရက်ကပင် ရီယာ့ဒ်မြို့၌ ပြန်လည်ဖွင့်လှစ်ထားပြီးဖြစ်သည်။

သံတမန်ဆက်ဆံရေးပြတ်တောက်ခဲ့ပြီးနောက်ပိုင်း အီရန်နှင့် ဆော်ဒီတို့ကြား အားပြိုင်မှုများကြောင့် အရှေ့အလယ်ပိုင်းဒေသတည်ငြိမ်မှု ထိခိုက်ခဲ့ရကြောင်း သိရသည်။

KKO



# မိုက်ကရိုဆော့ဖ်တည်ထောင်သူ ဘီလ်ဂိတ် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံမည်



**ပေကျင်း ဇွန် ၁၅**

မိုက်ခရိုဆော့ဖ် ကော်ပိုရေးရှင်းကိုစတင်တည်ထောင်ခဲ့သော အမေရိကန်ဘီလျံနာ ဘီလ်ဂိတ်သည် တရုတ်နိုင်ငံသို့ ရောက်ရှိနေပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မိမိအနေဖြင့် ၁၉ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံပေကျင်းမြို့သို့ ရောက်ရှိနေကြောင်း ဘီလ်ဂိတ်က တွစ်တာစာမျက်နှာ၌ ဇွန် ၁၄ ရက်တွင် ရေးသားထားသည်။

အဆိုပါ ခရီးစဉ်အတွင်း ဘီလ်ဂိတ်အနေဖြင့် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဇွန် ၁၆ ရက်တွင် တွေ့ဆုံရန် စီစဉ်ထားကြောင်း တရုတ်အစိုးရနှင့် နီးစပ်သူများက ပြောကြားထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဘီလ်ဂိတ်တို့၏ တွေ့ဆုံမှုသည် တစ်ဦးချင်း မျက်နှာချင်းဆိုင် ဆွေးနွေးပွဲ ဖြစ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

တွေ့ဆုံမှု ဖြစ်မြောက်ခဲ့ပါက ဘီလ်ဂိတ်သည် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင် လက်ခံတွေ့ဆုံခဲ့သည့် ပထမဆုံး ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးဖြစ်လာလိမ့်မည်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဘီလ်ဂိတ်တို့သည် ၂၀၁၅ ခုနှစ်အတွင်း တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်၌ကျင်းပခဲ့သော Boao စီးပွားရေးညီလာခံ၌ နောက်ဆုံးတစ်ကြိမ် တွေ့ဆုံခဲ့ဖူးကြောင်း သိရသည်။

KKO

# မိုင်းရိတ်ချ်-၂၀၀၀ တိုက်လေယာဉ် ၁၂ စင်း ဝယ်ယူထားမှု အင်ဒိုနီးရှားအစိုးရတာဝန်ရှိသူများ အတည်ပြု

**ဂျကာတာ ဇွန် ၁၅**

မိုင်းရိတ်ချ်-၂၀၀၀ အမျိုးအစားတစ်ပတ်ရစ်တိုက်လေယာဉ်၁၂ စင်း ဝယ်ယူထားမှုကို အင်ဒိုနီးရှားအစိုးရတာဝန်ရှိသူများက ဇွန် ၁၄ ရက်တွင် အတည်ပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကာတာနိုင်ငံက သုံးစွဲထားပြီးဖြစ်သည့် မိုင်းရိတ်ချ်-၂၀၀၀ အမျိုးအစားတိုက်လေယာဉ်၁၂စင်းကိုအမေရိကန်ဒေါ်လာ ၇၉၂ သန်းဖြင့် ဝယ်ယူရန် ယခုနှစ် ဇန်နဝါရီလအတွင်း ချက်သမ္မတနိုင်ငံ အခြေစိုက်ကုမ္ပဏီတစ်ခုနှင့် လက်မှတ်ရေးထိုးထားပြီး ဖြစ်ကြောင်း အင်ဒိုနီးရှားစစ်ဘက်က ဇွန် ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။



အဆိုပါ တစ်ပတ်ရစ်တိုက်လေယာဉ်များကို သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ပြီး ၁၂လအတွင်း လက်ခံရရှိမည်ဖြစ်ကြောင်း အင်ဒိုနီးရှားစစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

အင်ဒိုနီးရှား စစ်ဘက်သည် လေတပ်အင်အားကို မြှင့်တင်ရေးအတွက် ဖြတ်လမ်းနည်းသုံးသည့်အနေဖြင့် ကာတာနိုင်ငံက သုံးစွဲထားပြီးဖြစ်သော တစ်ပတ်ရစ်တိုက်လေယာဉ်များကို ဝယ်ယူထားခြင်းဖြစ်သည်။

သို့သော် ယင်းတိုက်လေယာဉ်များ၏သက်တမ်းမှာ အိုဟောင်းနေပြီဖြစ်ကြောင်း အင်ဒိုနီးရှားလွှတ်တော်အမတ်များက ဝေဖန်ထားသည်။

ပြင်သစ်အခြေစိုက် ဒက်ဆော့လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၏ အဆိုအရ အင်ဒိုနီးရှားစစ်ဘက်က ဝယ်ယူထားသည့်မိုင်းရိတ်ချ်-၂၀၀၀ လေယာဉ်များမှာ ၁၉၆၇ ခုနှစ်ထုတ် မော်ဒယ်များဖြစ်ကြောင်း သိရသည်။

KKO

# ဂရိကမ်းရိုးတန်းကမ်းလွန်၌ ရေယာဉ်တစ်စီးတိမ်းမှောက်နစ်မြုပ် ရွှေ့ပြောင်းဝင်ရောက်သူ ၇၉ ဦးသေဆုံး၍ ရာနှင့်ချီပျောက်ဆုံးနေ

**အေသင် ဇွန် ၁၅**

ဂရိနိုင်ငံ ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း ဇွန် ၁၄ ရက်က တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများ လိုက်ပါလာသည့် ရေယာဉ်တစ်စီး တိမ်းမှောက်နစ်မြုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရေယာဉ် တိမ်းမှောက်နစ်မြုပ်မှုကြောင့် ရွှေ့ပြောင်းဝင်ရောက်သူအနည်းဆုံး ၇၉ ဦးသေဆုံး၍ရာနှင့်ချီပျောက်ဆုံးနေကြောင်း ဂရိတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကိုယ်ထည်အလျားမီတာ ၂၀မှ ၃၀ ထိသာရှိနိုင်သော နစ်မြုပ်ရေယာဉ်ပေါ်တွင် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူဦးရေ ၇၅၀ ခန့်ထိ လိုက်ပါလာဖွယ်ရှိကြောင်းကယ်ဆယ်ရေးအဖွဲ့များက ယုံကြည်ထားသည်။

ယင်းရေယာဉ်ပေါ်၌ လိုက်ပါလာသူအရေအတွက်ကို ကုလသမဂ္ဂတာဝန်ရှိသူများက ဦးရေ ၄၀၀ထိရှိနိုင်ကြောင်း ခန့်မှန်းထားပြီး ဂရိတာဝန်ရှိသူများကမူ ထင်ကြေးပေးရန် ငြင်းပယ်ထားသည်။

ဇွန် ၁၄ ရက် နေ့လယ်ပိုင်းတွင် ရေယာဉ်နစ်မြုပ်ရာနေရာမှလူပေါင်း ၁၀၄ ဦးကို ကယ်တင်ထားနိုင်ကြောင်း ဂရိအာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါရေယာဉ်သည်လစ်ဗျားနိုင်ငံမှ စတင်ထွက်ခွာလာခြင်းဖြစ်ပြီး လိုက်ပါလာသူ အများစုမှာ အီဂျစ်၊ ဆီးရီးယားနှင့် ပါကစ္စတန်နိုင်ငံသားများ ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## MAPLE အမည်ရှိ အာကာသယာဉ်တစ်စင်းကိုအသုံးပြု၍ ကမ္ဘာ့ပထမဆုံးအကြိမ်အဖြစ် နေစွမ်းအင်လှိုင်းကို ကမ္ဘာပေါ်သို့ ပို့လွှတ်နိုင်ခဲ့



**ဝါရှင်တန် ဇွန် ၁၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားနည်းပညာတက္ကသိုလ်မှ သုတေသနပညာရှင်များသည် MAPLE အမည်ရှိ အာကာသယာဉ်တစ်စင်းကို အသုံးပြု၍ ကမ္ဘာ့ပထမဆုံး အကြိမ်အဖြစ် နေစွမ်းအင်လှိုင်းကို ကမ္ဘာပေါ်သို့ ပို့လွှတ်နိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက ဇွန် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

MAPLE အာကာသယာဉ်တွင် ကြမ်းတမ်းသည့် အာကာသပတ်ဝန်းကျင်ဒဏ်ကို ခံနိုင်ရည်ရှိသောနေစွမ်းအင်ပြားများ တပ်ဆင်ထားကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အာကာသနေစွမ်းအင်စီမံချက် (SSPP) အမည်ရှိ စီမံကိန်းဖြင့် နေစွမ်းအင်လှိုင်းများကို ကမ္ဘာပတ်လမ်းပေါ်မှတစ်ဆင့် ကမ္ဘာပေါ်သို့ ပို့လွှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

MAPLE အာကာသယာဉ်၏ စွမ်းအင်ကူးပြောင်းမှုစနစ်များသည် နေစွမ်းအင်ကို ကမ္ဘာမြေပေါ်သို့ ပြန်လည်ပေးပို့နိုင်မည့် လေဆာရောင်ခြည်ပုံစံ သို့မဟုတ် မိုက်ခရိုဝေ့ဗ် စွမ်းအင်လှိုင်းပုံစံများသို့ ပြောင်းပေးနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

SSPP မစ်ရှင်အတွင်း MAPLE အာကာသယာဉ်က ပို့လွှတ်လိုက်သည့် စွမ်းအင်လှိုင်းများကို ကယ်လီဖိုးနီးယား နည်းပညာတက္ကသိုလ်ဝင်းအတွင်းရှိ စွမ်းအင်လက်ခံရေးစခန်းတစ်ခုက ဖမ်းယူနိုင်ခဲ့သည်။

ကယ်လီဖိုးနီးယားနည်းပညာတက္ကသိုလ်သည် MAPLE ဂြိုဟ်တုကို ယခုနှစ် ဇန်နဝါရီလတွင် Space X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

KKO

## ကမ္ဘာမြေနှင့်အနီးဆုံး စူပါနိုဗာကြယ်ပေါက်ကွဲမှုတစ်ခုကို ကမ္ဘာမြေနှင့်ဆက်သွယ်ရေးအတွက် အခြားဂြိုဟ်ကမ္ဘာများမှသက်ရှိများက အချက်ပြမီးတိုင်ပမာအသုံးချနိုင်


**ဝါရှင်တန် ဇွန် ၁၅**

ကမ္ဘာမြေနှင့်အနီးဆုံး စူပါနိုဗာကြယ်ပေါက်ကွဲမှုတစ်ခုကို ကမ္ဘာမြေနှင့် ဆက်သွယ်ရေးအတွက် အခြားဂြိုဟ်ကမ္ဘာများမှ သက်ရှိများက အချက်ပြမီးတိုင်ပမာ အသုံးချနိုင်ကြောင်း The Daily Mail သတင်းစာက ဇွန် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သိပ္ပံပညာရှင် SN 2023 ixf အမည်ရှိ စူပါနိုဗာကြယ်ပေါက်ကွဲမှုကို အသေးစိတ်လေ့လာခဲ့ကြသည်။

ကမ္ဘာမြေနှင့် အလင်းနှစ် ၂၁ သန်းအကွာတွင် တည်ရှိသော SN 2023 ixf စူပါနိုဗာကြယ်ပေါက်ကွဲမှုသည် လူသားများတွေ့မြင်ဖူးသမျှ ကမ္ဘာနှင့်အနီးဆုံးကြယ်ပေါက်ကွဲမှုများထဲတွင် ပါဝင်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အခြားဂြိုဟ်ကမ္ဘာများ၌ သက်ရှိများရှိခဲ့မည်ဆိုလျှင် ကမ္ဘာနှင့် အဆက်သွယ်ပြုလုပ်ရေးအတွက် SN 2023 ixf အမည်ရှိ စူပါနိုဗာကြယ်ပေါက်ကွဲမှုက လူသားတို့ကို ဆွဲဆောင်ရာနေရာအဖြစ် အသုံးပြု၍ရနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။



သို့ဖြစ်ရာ အဆိုပါစူပါနိုဗာကြယ်ပေါက်ကွဲမှုသည် အခြားကမ္ဘာမှသက်ရှိများပို့လွှတ်မည့် ရေဒီယိုအချက်ပြလှိုင်းများကို ရှာဖွေရမည့်နေရာတစ်ခုဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

SN 2023 ixf စူပါနိုဗာကြယ်ပေါက်ကွဲမှုကို အမေရိကန်သိပ္ပံပညာရှင်များက ယခုနှစ် မေ ၉ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## Bepi Colombo အာကာသယာဉ်က ဗုဒ္ဓဟူးဂြိုဟ်ကို ဇွန် ၁၉ ရက်တွင် အနီးကပ်ဖြတ်ကျော်ပျံသန်းရေးအတွက် ပြင်ဆင်နေ

**ပါရီ ဇွန် ၁၅**

ဥရောပအာကာသအေဂျင်စီနှင့် ဂျပန်အာကာသအေဂျင်စီတို့၏ Bepi Colombo အာကာသယာဉ်သည် ဗုဒ္ဓဟူးဂြိုဟ်ကို ဇွန် ၁၉ ရက်တွင် အနီးကပ်ဖြတ်ကျော်ပျံသန်းရေးအတွက် ပြင်ဆင်နေကြောင်း Phys.Org သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

Bepi Colombo အာကာသယာဉ်အနေဖြင့် ဗုဒ္ဓဟူးဂြိုဟ်ကို ဇွန် ၁၉ ရက်တွင် တတိယအကြိမ်အဖြစ် အနီးကပ်ဖြတ်ကျော်ပျံသန်းရေးအတွက် ပြင်ဆင်နေကြောင်း ဥရောပ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တတိယအကြိမ်အဖြစ် အနီးကပ်ဖြတ်ကျော်ပျံသန်းမှုတွင် Bepi Colombo အာကာသယာဉ် ဗုဒ္ဓဟူးဂြိုဟ်ကို ၂၃၆ ကီလိုမီတာအမြင့်မှတစ်ဆင့် ဖြတ်ကျော်မည်ဖြစ်ကြောင်း သိရသည်။

အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်အတွင်း Bepi Colombo အာကာသတွင် တပ်ဆင်ထားသည့် စူးစမ်းလေ့လာရေးစနစ်များက ဗုဒ္ဓဟူးဂြိုဟ်မျက်နှာပြင်ကို ဓာတ်ပုံများ အနီးကပ်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Bepi Colombo အာကာသယာဉ်သည် ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်း တည်ငြိမ်စွာနေရာယူနိုင်ရေးအတွက် ဒြပ်ဆွဲအားအကူအညီရယူရန် ဗုဒ္ဓဟူးဂြိုဟ်ကို ခြောက်ကြိမ်ထိ အနီးကပ်ဖြတ်ပျံရမည်ဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် Bepi Colombo အာကာသယာဉ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အာနီယာနီ-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## Sickle Cell သွေးရောဂါကုသရာတွင် မျိုးဗီဇကုထုံးသစ်တစ်မျိုးက ဘေးကင်းမှုရှိနိုင်

**နယူးယောက် ဇွန် ၁၅**

မျိုးဗီဇကုထုံးသစ်တစ်မျိုးသည် Sickle Cell ရောဂါ ခေါ် သွေးရောဂါတစ်မျိုးကို ကုသရာတွင် ဘေးကင်းလုံခြုံမှု ရှိနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကလီးဗီးလန်းသုတေသနအင်စတီကျူမှ သုတေသနပညာရှင်များသည် အဆိုပါမျိုးဗီဇကုထုံးသစ်ကို Sickle Cell ရောဂါလူနာလေးဦးတို့ဖြင့် စမ်းသပ်ခဲ့ကြခြင်းဖြစ်သည်။

Sickle Cell ရောဂါသည် မျိုးဗီဇဖောက်ပြန်မှုကြောင့် ဖြစ်ပွားရသည့် သွေးရောဂါတစ်မျိုးဖြစ်သည်။

အဆိုပါရောဂါ ဖြစ်ပွားပါက သွေးဆဲလ်များသည် ပုံမှန်အတိုင်း လုံးလုံးဝန်းဝန်းမရှိတော့ဘဲ လခြမ်းကွေးပုံစံဖြစ်သွားတတ်ရာ အောက်ဆီဂျင်သယ်ဆောင်နိုင်စွမ်း အကန့်အသတ်ရှိလာတတ်သည်။

ထို့ပြင် လခြမ်းကွေးသွေးဆဲလ်များသည် တစ်ခုနှင့်တစ်ခု တွယ်ကပ်တတ်မှုကြောင့် သွေးကြောငယ်များ ပိတ်ဆို့သွားတတ်ပြီး အသည်းခြောက်ရောဂါ၊ လေဖြတ်မှုနှင့် နှလုံးကြွက်သားရောဂါပြဿနာများ ပေါ်လာတတ်သည်။

လက်ရှိတွင် အမေရိကန်သုတေသနပညာရှင်များသည် ၎င်းတို့၏ မျိုးဗီဇကုထုံးသစ်ကို Sickle Cell လူနာ ၇၀ တို့ဖြင့် ထပ်မံစမ်းသပ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

KKO

## အရက်တော်သင့်ရုံမျှသောက်သုံးမှုသည် စိတ်ဖိအားသက်ရောက်မှုကို လျှော့ချပေးနိုင်

**နယူးယောက် ဇွန် ၁၅**

အခါအခွင့်ကြုံကြိုက်၍ ရံဖန်ရံခါ အရက်တော်သင့်ရုံမျှသောက်သုံးမှုသည် နှလုံးရှုတ်တရက်ဖောက်မှု၊ လေဖြတ်မှုတို့နှင့် ဆက်စပ်နေသော စိတ်ဖိအားသက်ရောက်မှုကို လျှော့ချပေးနိုင်ကြောင်း The Daily Mail သတင်းစာက ဇွန် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ မက်ဆာချူးဆက် အထွေထွေဆေးရုံကြီးမှ သုတေသနပညာရှင်များ၏အဆိုအရ တစ်ရက်လျှင် ပျမ်းမျှ အရက်တစ်ခွက်မျှသောက်သုံးသူ အမျိုးသားများနှင့် အများဆုံးနှစ်ခွက်သာသောက်သုံးသူ အမျိုးသားများမှာ အထက်ပါပမာဏထက် လွန်စွာသောက်သူများ၊ လုံးဝမသောက်သူများထက် နှလုံးပြဿနာများ ပေါ်လာနိုင်ခြေ ပိုနည်းကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အရက်အနည်းငယ်မျှ ပုံမှန်သောက်သုံးမှုသည် ဦးနှောက်အတွင်း စိတ်ဖိအားအချက်ပြလှိုင်းများပေါ်ထွက်မှုကို လျှော့ချပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ဦးနှောက်အတွင်း စိတ်ဖိအားအချက်ပြလှိုင်းများ ပေါ်ထွက်မှုလွန်ကဲခြင်းသည် နှလုံးရှုတ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေမြင့်တက်လာနိုင်မှုများနှင့် ဆက်စပ်မှုရှိကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀၀ ကျော်တို့၏ ကျန်းမာရေး အချက်အလက်များနှင့် လူပေါင်း ၇၅၄ ဦး တို့၏ ဦးနှောက်ဓာတ်မှန်များကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

ဦးနှောက်ဓာတ်မှန်စစ်ဆေးမှုရလဒ်များအရ အရက်ကို တော်သင့်ရုံသောက်သူများ၏ Amygdala ခေါ် စိတ်ဖိအားတုံ့ပြန်ရေးနယ်မြေအတွင်း စိတ်ဖိအားအချက်ပြလှိုင်းများ ကျဆင်းနေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ဂျူဗင်တပ်အသင်းက ခံစစ်ကစားသမား အဲလက်စ်ဆန်ဒရိုကို စာချုပ်ဖျက်သိမ်းရန်ပြင်ဆင်

**ရောမ ဇွန် ၁၅**

ဂျူဗင်တပ်အသင်းသည် အသင်းမှ ခံစစ်ကစားသမား အဲလက်စ်ဆန်ဒရိုကို စာချုပ်သက်တမ်းတိုးရန် မစီစဉ်တော့ဘဲ စာချုပ်ဖျက်သိမ်းရန် ပြင်ဆင်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား အဲလက်စ်ဆန်ဒရိုသည် ဂျူဗင်တပ်အသင်းနှင့် လာမည့် ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း သဘောတူညီချက်အရ နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်ပါရှိနေသောကြောင့် အသင်းအနေဖြင့် သက်တမ်းတိုးရန် မစီစဉ်တော့ဘဲ နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်း၍ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ ဆန်ဒရိုသည် ဂျူဗင်တပ်အသင်းသို့ ၂၀၁၅ ခုနှစ်က ပေါ်တိုအသင်းမှ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၀၉ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး ၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းအတွက် ပြိုင်ပွဲစုံ ၃၇ ပွဲပါဝင်ကစားပေးခဲ့ကာ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း အသင်းတာဝန်ရှိသူများက အသက်အရွယ်အရ အကျပိုင်းရောက်လာသောကြောင့် စာချုပ်သက်တမ်းမတိုးဘဲ အလွတ်ပြောင်းရွှေ့ခွင့်ပြုရန် စီစဉ်လျက်ရှိသည်။

ဂျူဗင်တပ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ကောင်းမွန်ခဲ့ပြီး အသင်းအနေဖြင့် ကစားသမားအပြောင်းအရွှေ့တွင် စာရင်းလွဲမှားမှုများကြောင့် ၁၀ မှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံရပြီး အမှတ်ပေးပြိုင်ပွဲပြီးဆုံးချိန်တွင် အဆင့်(၇)၌ ရပ်တည်နိုင်ခဲ့ကာ ယူရိုပါကွန်ဖရင့်လိဂ်ကစားခွင့်သာ ရရှိခဲ့ကြောင်း သိရသည်။

ML




## အားကစားသတင်း အတိုအထွာများ

- စပါးအသင်းမှ ကွင်းလယ်ကစားသမား ပါရီဆစ်ကို ဆော်ဒီကလပ်အယ်ဟိုင်လာအသင်းက မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းနေသောကြောင့် ကစားသမားအနေဖြင့် ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ဖရန်ကီဒီဂျောင်း၊ အန်ဆုဖာတီ၊ ဖာရန်တောရက်စ်၊ ရာဖင်ဟာနှင့် ဂွန်ဇာလက်တို့ကို သင့်တော်သည့်ပြောင်းရွှေ့ကြေးရရှိပါက အသင်းမှထွက်ခွာခွင့်ပြုထားကြောင်း ထုတ်ပြန်ခဲ့သည်။
- လီဗာပူးအသင်းက လာမည့်နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ကွင်းလယ်ကစားသမား အယ်ကန်တာရာကို ဒဏ်ရာပြဿနာများကြောင့် သက်တမ်းတိုးမည်မဟုတ်ကြောင်း သိရသည်။

ML

## နေရှင်းလိဂ်ဆီမီးဖိုင်နယ်တွင် နယ်သာလန်ကိုအနိုင်ယူ၍ ခရိုအေးရှားအသင်း ဖိုင်နယ်ပွဲတက်ရောက်




**အမ်စတာဒမ် ဇွန် ၁၅**

ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် နယ်သာလန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ကစားခဲ့ရာတွင် ခရိုအေးရှားအသင်းက အချိန်ပိုသွင်းဂိုး လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်သည် နယ်သာလန်အသင်းအိမ်ကွင်းတွင် ကစားခဲ့ရပြီး နယ်သာလန်အသင်းက ပွဲအစကတည်းက ဖိအားပေးနိုင်သဖြင့် ပွဲချိန် ၃၄ မိနစ်တွင် မာလန်း၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းပွဲကစားချိန် ၅၅ မိနစ်တွင် ခရိုအေးရှားအသင်းက ကာမာရစ်၏ပင်နယ်တီသွင်းဂိုးဖြင့် ချေပဂိုးရရှိခဲ့ပြီးနောက် ပြိုင်ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၇၂ မိနစ်တွင် ပါဆာလစ်က ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် နယ်သာလန်အသင်း ချေပဂိုးရရှိရေး တိုက်စစ်မြှင့်တင်ခဲ့ရာ နာကျင်အချိန်ပို ပွဲချိန် မိနစ် ၉၀ ကျော်တွင် နိုအာလန်းက ချေပဂိုးသွင်းယူခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် အချိန်ပိုဆက်လက်ကစားခဲ့ရာ ခရိုအေးရှားအသင်းက ကစားအားကျဆင်းသွားခြင်းမရှိဘဲ နယ်သာလန်အသင်းကို ဖိအားပေးနိုင်ခဲ့ပြီး ပွဲချိန် ၉၈ မိနစ်တွင် ပက်ကိုဗစ်နှင့် ပွဲကစားချိန် ၁၁၆ မိနစ်တွင် လူကာမိုဒရစ်တို့၏ ဦးဆောင်ဂိုးများဖြင့် လေးဂိုးနှစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့ကာ ဖိုင်နယ်ပွဲစဉ်တွင် စပိန်နှင့်အီတလီအသင်းတို့မှအနိုင်ရသည့်အသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ML

## ဂီနီယာအသင်းကိုအနိုင်ရခဲ့သည့် အီဂျစ်အသင်း အာဖရိကဖလားခြေစစ်ပွဲအောင်မြင်

**ကိုင်ရို ဇွန် ၁၅**

အိုင်ဗရီကို့စ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားသည့် အာဖရိကဖလားအုပ်စုအဆင့် ခြေစစ်ပွဲစဉ်တွင် အီဂျစ်အသင်းက ဂီနီယာအသင်းကို အနိုင်ရခဲ့သောကြောင့် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီး အာဖရိကဖလားသမိုင်းတွင် ၂၆ ကြိမ်မြောက် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အီဂျစ်အသင်းသည် ၂၀၂၄ အာဖရိကဖလားအုပ်စု(D) တွင် ဂီနီယာ၊ အီသီယိုးပီးယား၊ မာလဝီ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သော်လည်း အုပ်စုငါးပွဲကစားအပြီးတွင် လေးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ် ၁၂ မှတ်ရရှိခဲ့ပြီး ဒုတိယနေရာမှ ဂီနီယာအသင်းကို ရမှတ် သုံးမှတ်ဖြတ်တောက်နိုင်ခဲ့ကာ လက်ကျန်ပွဲတစ်ပွဲကစားရန် အလိုတွင် ခြေစစ်ပွဲတိုက်ရိုက်ဝင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိ ၂၀၂၄ အာဖရိကဖလား ခြေစစ်ပွဲအုပ်စုအဆင့်တွင် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်သည့် အသင်း ခုနစ်သင်းထိရှိနေသော်လည်း ဂီနီယာအသင်းကိုအနိုင်ရခဲ့သည့် အီဂျစ်အသင်းအနေဖြင့် ရှစ်သင်းမြောက်တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်သည့် အသင်းဖြစ်လာခဲ့ပြီး သမိုင်းတစ်လျှောက်တွင်လည်း ၂၆ ကြိမ်ဆက်တိုက် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့သည့်အပြင် ချန်ပီယံဆုဖလား ခုနစ်ကြိမ်ထိ ရရှိခဲ့သည့်အသင်းဖြစ်သည်။

အဆိုပါပွဲစဉ်ကို မော်ရိုကိုနိုင်ငံတွင် ကစားခဲ့ရသော်လည်း ဂီနီယာအသင်းသည် ပွဲစကတည်းက အီဂျစ်အသင်းကို တိုက်စစ်မြင့် ဖိအားပေးမှုများကြောင့် အီဂျစ်အသင်းအနေဖြင့် အခက်တွေ့ခဲ့ရပြီး ပွဲချိန် ၂၆ မိနစ်အရောက်တွင် တိုက်စစ်မှူး ဂီရာဆီက ဂီနီယာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူ၍ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ရန် အခွင့်အရေးရရှိခဲ့ပြီးနောက် အီဂျစ်အသင်းကတန်ပြန်တိုက်စစ်များဖြင့် ပြန်လည်ထိုးဖောက်နိုင်ခဲ့ရာ ပွဲချိန် ၄၂ မိနစ်တွင် ထရေဇီဂေးကချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အပြင် ဒုတိယပိုင်းတွင်လည်း အီဂျစ်အသင်းကသာ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့်ကစားခဲ့သကဲ့သို့ဂီနီယာအသင်းအနေဖြင့် တိုက်စစ်မှူးဆာလာဟ်ကို ထိန်းချုပ်ရန် အာရုံစိုက်နေရသောကြောင့် နေရာလွတ်များရှိခဲ့ပြီး ပွဲချိန် ၇၉ မိနစ်တွင် တိုက်စစ်မှူးမိုစတာဖာက အီဂျစ်အသင်းအတွက် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

ML

## ရီးရဲလ်မက်ဒရစ်အသင်းတွင် ဘယ်လင်ဟမ်က ဇီဒန်းဝတ်ဆင်ခဲ့သည့် ကျောနံပါတ်(၅)ကို ဝတ်ဆင်ကစားမည်

**မက်ဒရစ် ဇွန် ၁၅**

ရီးရဲလ်မက်ဒရစ် အသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သည့်လူငယ်ကစားသမား ဘယ်လင်ဟမ်သည် အသင်းတွင် ဂန္ထဝင်ကစားသမား ဇီဒန်း ဝတ်ဆင်ကစားခဲ့သည့် ကျောနံပါတ်(၅)ကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထိပ်တန်းလူငယ်ကြယ်ပွင့်ကစားသမားများဖြင့် တည်ဆောက်ခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုအခါတွင်လည်း အသင်းကို ကြယ်စင်စုအသင်းအဖြစ် ပြန်လည်တည်ဆောက်နေပြီး အသင်းကွင်းလယ်ပိုင်းတွင် လူငယ်ထိပ်တန်းကစားသမားများဖြစ်သည့် ဗယ်လ်ဗာဒီ၊ ချူအာမန်နီတို့နှင့်တွဲဖက်ရန်အတွက် ဘယ်လင်ဟမ်ကိုပြောင်းရွှေ့ကြေး ယူရို ၁၀၃ သန်းဖြင့် ခြောက်နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း ဂန္ထဝင်ကစားသမား တစ်ဦးဖြစ်သည့် ဇီဒန်းသည် ပြီးခဲ့သည့် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ အသင်းတွင် ကျောနံပါတ်(၅) ဂျာစီဝတ်ဆင်ကစားခဲ့ပြီးနောက် ဆုဖလားများစွာဖြင့် အောင်မြင်မှုများရယူနိုင်ခဲ့ပြီး ယခုအခါ ဘယ်လင်ဟမ်ကလည်း ၎င်း၏ကျောနံပါတ်(၅)ဂျာစီကို ဝတ်ဆင်ကစားမည်ဖြစ်သည်။




အသက် ၁၉ နှစ်သာ ရှိသေးသည့် ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က အင်္ဂလန်ချန်ပီယံရှစ်ကလပ် ဘာမင်ဂမ် အသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကြေးယူရို ၂၆ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းတွင် ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် အစောပိုင်းက ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းများက ကမ်းလှမ်းခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် မြဝတီအသင်း အနိုင်ရရှိ




**ရန်ကုန် ဇွန် ၁၅**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ စလင်း အားကစားကွင်းတွင် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်း တို့ယှဉ်ပြိုင်ကစားခဲ့ရာ မြဝတီအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ခုနစ်မိနစ်တွင် ဝင်းဝင်းက သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ကာ မြဝတီအသင်းက ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် ပြန်လည်တိုက်စစ်မြှင့်ဖိအားပေးကစားခဲ့ရာမှ နှစ်မိနစ်အကြာ ပွဲချိန်ကိုးမိနစ်တွင် ပိုပို ပြည့်မောင်က ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့နောက် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ချိန်တွင် မြဝတီအသင်းက ပိုမိုထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများဖြင့် ဖိအားပေး ကစားနိုင်ခဲ့ကာ ပွဲချိန် ၂၁ မိနစ်တွင် မေစံပယ်ဖူးက မြဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် မြဝတီအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ပြန်လည် စတင်ချိန်တွင်လည်း သစ္စာအားမာန်အသင်း၏ ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပြန်လည်တိုက်စစ်မြှင့်ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရရှိခဲ့ကြသော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပထမပိုင်းသွင်းဂိုးများဖြင့် မြဝတီအသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ကစားသမားဘဝတစ်လျှောက် အမြန်ဆုံးသွင်းဂိုးကို ဩစတြေးလျအသင်းနှင့်ပွဲစဉ်တွင် မက်ဆီသွင်းယူ

**ပေကျင်း ဇွန် ၁၅**

အာဂျင်တီးနားအသင်း ဝါရင့် တိုက်စစ်ကစားသမား မက်ဆီသည် နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် အာဂျင်တီးနား အသင်းနှင့် ဩစတြေးလျအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ကစားသမားဘဝသက်တမ်းတစ်လျှောက် အမြန်ဆုံးသွင်းဂိုးကို သွင်းယူနိုင်ခဲ့ကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဂျင်တီးနားအသင်းက ဩစတြေးလျအသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ကစားနိုင်ခဲ့ပြီး နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ မက်ဆီက ပွဲချိန်တစ်မိနစ်နှင့် ၁၉ စက္ကန့်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသွင်းဂိုးသည် ၎င်း၏ကစားသမားဘဝသက်တမ်းတစ်လျှောက် အမြန်ဆုံးသွင်းဂိုးဖြစ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် အသက် ၃၅ နှစ်ရှိနေပြီဖြစ်သော်လည်း လက်ရှိအချိန်ထိ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ကမ္ဘာ့ဖလားချန်ပီယံဆုကိုပါ ဆွတ်ခူးနိုင်ခဲ့ကာ အာဂျင်တီးနားအသင်းနှင့် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ခုနစ်ပွဲတွင်လည်း ၁၀ ဂိုးထိသွင်းယူထားသူဖြစ်သည်။

မက်ဆီသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပီအက်စ်ဂျီအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာခဲ့ပြီး မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းသို့ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး ၎င်း၏ကစားသမားဘဝကိုလည်း အင်တာမီယာမီအသင်း၌သာ အဆုံးသတ်ဖွယ်ရှိနေကြောင်း သိရသည်။

STA

# WBA၊ WBC အမျိုးသမီးမီနီမမ်ဝိတ်တန်းချန်ပီယံ အက်စ်ထရာဒါနှင့် ယူဒီကာတို့ စိန်ခေါ်ပွဲထိုးသတ်ရန် သဘောတူညီမှုရရှိ




**ဝါရှင်တန် ဇွန် ၁၅**

WBA၊ WBC အမျိုးသမီး မီနီမမ်ဝိတ်တန်းချန်ပီယံ အမေရိကန်လက်ဝှေ့မယ် အက်စ်ထရာဒါနှင့် အာဂျင်တီးနားလက်ဝှေ့မယ် ယူဒီကာတို့ ဇူလိုင် ၂၈ ရက်တွင် စိန်ခေါ်ပွဲထိုးသတ်ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း နှစ်ဖက်အသင်းက ထုတ်ပြန်ခဲ့သည်ဟု SB Nation သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အက်စ်ထရာဒါသည် မီနီမမ်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံဆုကိုရယူရန် ပစ်မှတ်ထားနေသူဖြစ်ပြီး ယူဒီကာသည်လည်း ၂၀၂၂ ခုနှစ်မတိုင်မီထိ IBF ဖလိုင်းဝိတ်တန်းကမ္ဘာ့ချန်ပီယံကို ရှစ်နှစ်တိုင်တိုင်ထိန်းသိမ်းနိုင်ခဲ့သူဖြစ်ကာ ဖလိုင်းဝိတ်တန်းတွင် အကောင်းဆုံးလက်ဝှေ့မယ်အဖြစ် ရပ်တည်ခဲ့ဖူးသူဖြစ်သည်။

ယူဒီကာသည် ၂၀၂၂ ခုနှစ်တွင် မက္ကဆီကိုလက်ဝှေ့မယ် မူစီနိုကို ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ကာကာလရှည်ထိန်းသိမ်းလာခဲ့သည့် ကမ္ဘာ့ချန်ပီယံခါးပတ်ကိုဆုံးရှုံးခဲ့ရသည်။

အက်စ်ထရာဒါ သည်လည်း WBA အမျိုးသမီးမီနီမမ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို ၂၀၂၀ ပြည့်နှစ်ကတည်းက ထိန်းသိမ်းလာနိုင်ခဲ့ပြီး ယခုနှစ် မတ် ၂၅ ရက်တွင် WBC မီနီမမ်ဝိတ်တန်းချန်ပီယံခါးပတ်ကိုပါဆွတ်ခူးခဲ့သူဖြစ်သည်။

အက်စ်ထရာဒါသည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့မယ်တစ်ဦးဖြစ်ပြီး ယူဒီကာက ကစားသမားဘဝသက်တမ်းတစ်လျှောက် ရှုံးပွဲသုံးပွဲရှိခဲ့သည်။

အက်စ်ထရာဒါက "ကျွန်မအနေနဲ့ မီနီမမ်ဝိတ်တန်းနဲ့ကပ်ရပ်ဝိတ်တန်းတွေက ပြိုင်ဘက်တွေနဲ့ ထိုးသတ်ဖို့ဆုံးဖြတ်ထားတဲ့အတွက် ဖလိုင်းဝိတ်တန်းက ယူဒီကာနဲ့ ထိုးသတ်ဖို့ဆုံးဖြတ်ခဲ့တာပါ။ ကျွန်မအနေနဲ့ ယူဒီကာအပေါ်မှာ လေးစားမှုအပြည့် ရှိပါတယ်။ ကျွန်မရဲ့ ရည်မှန်းချက်ကတော့ မီနီမမ်ဝိတ်တန်းမှာ ပြိုင်ဘက်ကင်းချန်ပီယံဖြစ်လာဖို့ပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Head Tennis ကုမ္ပဏီက ဂျိုကိုဗစ်ကို ရွှေတင်းနစ်ရိုက်တံချီးမြှင့်

**ဘဲလ်ဂရိတ် ဇွန် ၁၅**

ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ပြီးနောက် ကစားသမားဘဝသက်တမ်းတစ်လျှောက် ဂရန်းစလန်းချန်ပီယံ ဆုဖလား ၂၃ လုံးမြောက်ကို ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဩစတြီးယားအခြေစိုက် တင်းနစ်ကစားသမားပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် Head Tennis ကုမ္ပဏီက ဂရန်းစလန်းဆုဖလား ၂၃ လုံးကိုဆွတ်ခူးနိုင်သည့်အခိုက်အတန့်ကို အမြဲအမှတ်ရနေစေရန် အတွက် ရွှေတင်းနစ်ရိုက်တံကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Sport Skeeda သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် Head Tennis ကုမ္ပဏီက ချီးမြှင့်ပေးအပ်သော ရွှေတင်းနစ်ရိုက်တံကို မိသားစုနှင့်အတူလက်ခံရယူခဲ့ပြီး တင်းနစ်လောကတွင် ရွှေတင်းနစ်ရိုက်တံ ချီးမြှင့်ခံခဲ့ရသော ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

Head Tennis ကုမ္ပဏီက "ဂျိုကိုဗစ်ဟာ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးတော့ အမျိုးသားတင်းနစ်လောကမှာ ဂရန်းစလန်းချန်ပီယံဆုဖလားအများဆုံးဆွတ်ခူးထားတဲ့ ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ အမျိုးသား၊ အမျိုးသမီး တင်းနစ်လောကမှာတော့ ဆီရီနာဝီလျံနဲ့တူ ဂရန်းစလန်းတင်းနစ်ချန်ပီယံဆုဖလားကို ၂၃ ကြိမ်စီနဲ့ ပူးတွဲရပ်တည်နေတယ်။ ဂျိုကိုဗစ်အနေနဲ့ အမျိုးသား၊ အမျိုးသမီးတင်းနစ်လောကရဲ့ ဂရန်းစလန်းတင်းနစ် ချန်ပီယံဆုဖလားအများဆုံးဆွတ်ခူးနိုင်မဲ့ အလားအလာကောင်းတွေလဲ ပိုင်ဆိုင်ထားပါတယ်။ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲအပြီးမှာလဲ ကမ္ဘာ့အဆင့်(၁) နေရာကိုပြန်လည်ရရှိခဲ့တယ်။ ဂျိုကိုဗစ်အတွက် ဝမ်းသာဂုဏ်ယူပါတယ်"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

AZL



# ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်ဇယားများထုတ်ပြန်ကြေညာ ချန်ပီယံ မန်စီးတီးအသင်းအဖွင့်ပွဲစဉ်တွင် ဘန်လေအသင်းနှင့်ကစားရမည်

**လန်ဒန် ဇွန် ၁၅**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က လာမည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်ဇယားများကို ယနေ့တွင်ထုတ်ပြန်ကြေညာခဲ့ရာ လက်ရှိချန်ပီယံ မန်စီးတီးအသင်းအနေဖြင့် တန်းတက်ဘန်လေအသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး ချဲလ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့အဖွင့်ပွဲစဉ်တွင် ပင် ထိပ်တိုက်တွေ့ဆုံခဲ့ကြသည်ဟု ဒေးလီးမေးလ် သတင်းဌာနက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲမှ လက်စတာအသင်း၊ ဆောက်သမ်တန်အသင်းနှင့် လိဒ်အသင်းတို့ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရပြီး အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် ဘန်လေအသင်းနှင့် အဆင့်(၂)နေရာမှ ရှက်ဖီးလ်(ပ)အသင်းတို့က တိုက်ရိုက်တန်းတက်လာခဲ့ပြီး လူတန်အသင်းက ရှုံးထွက်အဆင့်မှ တန်းတက်လာခဲ့ကြသည်။

လာမည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲကို လာမည့် ဩဂုတ် ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အဖွင့်ပွဲစဉ်အဖြစ် ပရီးမီးယားလိဂ်ချန်ပီယံ မန်စီးတီးအသင်းနှင့် ချန်ပီယံရှစ်ချန်ပီယံဘန်လေအသင်းတို့ စတင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များအဖြစ် ဩဂုတ် ၁၂ရက်တွင် အာဆင်နယ်အသင်းနှင့် နော်တင်ဟမ်အသင်း၊ဘုန်းမောက်အသင်းနှင့် ဝက်စ်ဟမ်းအသင်း၊ ဘရိုက်တန်အသင်းနှင့် တန်းတက်လူတန်အသင်း၊ အဲဗာတန်အသင်းနှင့် ဖူလ်ဟမ်အသင်း၊ တန်းတက်ရှက်ဖီးလ်(ပ)အသင်းနှင့် ပဲလေ့စ်အသင်း၊ နယူးကာဆယ်အသင်းနှင့် အေဗီလာအသင်း၊ ဩဂုတ် ၁၃ ရက်တွင် ဘရန့်ဖို့ဒ်အသင်းနှင့် စပါးအသင်း၊ ချဲလ်ဆီးအသင်းနှင့် လီဗာပူးအသင်း၊ ဩဂုတ် ၁၅ ရက်တွင် မန်ယူအသင်းနှင့် ဝုဗ်အသင်းတို့အသီးသီးကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရန်လိုအပ်နေသော အိန္ဒိယနိုင်ငံ

ဝင်းဇင်(သုတေသန)



အိန္ဒိယနိုင်ငံတွင် လူငယ်များ ဆေးလိပ်မည်သို့ ဝယ်ယူရရှိနေပြီး မျိုးဆက်သစ်လူငယ်များ ဆေးလိပ်သောက်သုံးနေမှုကို မည်သည့်အချိန်တွင် တားမြစ်သွားမလဲဆိုသော မေးခွန်းများနှင့်စပ်လျဉ်း၍ အဖြေရှာမရဖြစ်နေသည်။ အစိုးရ၏ ခန့်မှန်းတွက်ချက်ထားသောကိန်းဂဏန်းများအရ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးသူဦးရေ ၉၃၀၀၀၀ ခန့်ရှိခဲ့ပြီး မီးခိုးမထွက်သောဆေးရွက်ကြီး (SLT) ကြောင့် သေဆုံးသူဦးရေ ၃၅၀၀၀၀ ခန့်ရှိသည်ဟု ဆိုသည်။ ထို့ကြောင့် ဆေးလိပ်သောက်သုံးခြင်းနှင့် SLT တို့ကြောင့် နှစ်စဉ် လူဦးရေ ၁၂၈၀၀၀၀ ခန့် သေဆုံးလျက်ရှိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့သုံးစွဲမှုကြောင့် နေ့စဉ် လူဦးရေ ၃၅၀၀ ခန့် သေဆုံးရလျက်ရှိသည်။

ဆေးလိပ်သောက်သုံးခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါ၊ ကင်ဆာ၊ အဆုတ်နှင့်ဆီးချိုကဲ့သို့သော ကူးစက်ခြင်းမရှိသည့်ရောဂါများ (NCDs)ဖြစ်ပွားရန် အန္တရာယ်မြင့်မားလျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် အိန္ဒိယ၏လူဦးရေသည် ၁ ဒသမ ၄ ဘီလီယံကျော်ရှိလာပြီဖြစ်သည်။ NCDs ကြောင့် သေဆုံးသူဦးရေသည် အိန္ဒိယရှိသေဆုံးသူစုစုပေါင်း၏ ၆၃ ရာခိုင်နှုန်းရှိပြီး ဆက်လက်မြင့်တက်လာမည်ဟု ခန့်မှန်းရသည်။ ဆေးလိပ်သောက်သုံးခြင်းသည် အဆုတ်တီဘီကဲ့သို့သော ကူးစက်ရောဂါဖြစ်ပွားနိုင်ခြေလည်း မြင့်မားလျက်ရှိသည်။ ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှုစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းခန့်သည် ဆေးလိပ်သောက်သုံးခြင်းနှင့် ဆက်နွှယ်လျက်ရှိသည်။ တီဘီရောဂါသည်များအနက် ဆေးလိပ်သောက်သုံးသူများသည် သေဆုံးနိုင်ခြေ ၈၃ ရာခိုင်နှုန်းထိရှိသည်။

အိန္ဒိယအစိုးရအနေဖြင့် ဆေးလိပ်ကြောင့်ဖြစ်ပွားသောရောဂါအသုံးသတ်ရေးအတွက် ခိုင်မာအားကောင်းသောအရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းမှအပ အခြားရွေးချယ်ရန်နည်းလမ်းမရှိတော့ပေ။ ဆေးလိပ်ထိန်းချုပ်တားမြစ်ရေးဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းသည့်အပြင် ဆေးရွက်ကြီးထုတ်ကုန်များအပေါ် စည်းကြပ်ခွန်များ တိုးမြှင့်ကောက်ခံသွားရန်လည်းလိုအပ်သည်။ ပြည်သူများအပေါ် ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့ကြောင့် ဖြစ်ပေါ်လျက်ရှိသည့် ဝန်ထုပ်ဝန်ပိုးများ လျှော့ချသွားနိုင်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာများ ဆွေးနွေးသွားရန် လိုအပ်လာပြီဖြစ်သည်။

ကျေးလက်ဒေသများရှိ ဆေးလိပ်သောက်သုံးသူများ၊ SLT သုံးစွဲသူများ၊ ဆေးပြင်းလိပ်သောက်သုံးသူများတွင် ကင်ဆာရောဂါဖြစ်ပွားမှု မြင့်တက်လာသည်ကို ကြည့်ခြင်းအားဖြင့် အစိုးရအနေဖြင့် ကျေးလက်ဒေသများတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်လုပ်ရောင်းချမှုတို့အပေါ် စည်းမျဉ်းစည်းကမ်းများ တင်းကျပ်သွားရန် လိုအပ်လာပြီဖြစ်သည်။

ဆေးလိပ်မသောက်သုံးသူများကို ဆင်းရဲမှုပပျောက်ရေးအစီအစဉ်များ၊ သက်သာချောင်ချိရေးအစီအစဉ်များနှင့် တိုက်ရိုက်လွှဲပြောင်းပံ့ပိုးပေးသည့် အစီအစဉ်များဖြင့် ကမ်းလှမ်းသွားရန် လိုအပ်သည်။ ဆေးလိပ်သောက်သုံးသူ ၄၀ ရာခိုင်နှုန်းကျော်သည့် ပြည်နယ်များတွင် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ လျှော့ချနိုင်ရေးအတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထုတ်လုပ်ရောင်းချမှုတို့ကို ထိန်းချုပ်နိုင်ရန် အစီအမံအသစ်များနှင့် ကိုင်တွယ်ဖြေရှင်းသွားရန် လိုအပ်သည်။

ထိုသို့ ကျေးလက်ဒေသများတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားအဆင့် အစီအစဉ်များထက် ထိရောက်မှုပိုမိုရှိနေသည်။ ဆေးလိပ်သောက်သုံးသူ ၄၀ ရာခိုင်နှုန်းကျော်လွန်သည့်ပြည်နယ်များတွင် ဆေးလိပ်သောက်သုံးသူဦးရေစာရင်းကောက်ယူပြီး ဆေးလိပ်သောက်သုံးမှု လျှော့ချနိုင်ရေး စောင့်ကြည့်ရာတွင် ၎င်းစာရင်းကို အသုံးချသွားနိုင်သည်။

အိန္ဒိယနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှုကြောင့် နေ့စဉ် လူဦးရေ ၃၅၀၀ ခန့် သေဆုံးလျက်ရှိနေပြီဖြစ်သောကြောင့် ထိရောက်သောအရေးယူဆောင်ရွက်မှုများမရှိဘဲ လက်ရှိနည်းလမ်းအတိုင်းသာ ဆက်သွားနေမည်ဆိုလျှင် အခြေအနေသည် ပိုမိုဆိုးရွားလာမည်ဖြစ်သည်။ သမိုင်းတစ်လျှောက်တွင် ဆေးလိပ်သည် ဒုက္ခအပေးဆုံး စားသုံးသူထုတ်ကုန်ဖြစ်ပြီး အဆင့်လိုက်လျှော့ချသွားရုံမှအပ အခြားရွေးချယ်စရာနည်းလမ်းမရှိပေ။ အိန္ဒိယနိုင်ငံအနေဖြင့် ပြည်သူများ ဆေးလိပ်ဖြတ်နိုင်ရေးအတွက် အစီအမံကောင်းများ ချမှတ်သွားရန် လိုအပ်ပေသည်။

နယူးဇီလန်နိုင်ငံတွင် ၂၀၀၈ ခုနှစ်နောက်ပိုင်း မွေးဖွားသူများသည် ဘဝတစ်လျှောက်လုံး စီးကရက်နှင့်ဆေးရွက်ကြီးထုတ်ကုန်များ ဝယ်ယူခွင့်မရှိကြောင်း ဥပဒေတစ်ရပ်ကို ၂၀၂၂ ခုနှစ်အတွင်း ပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးမှုနှုန်း မြင့်မားလျက်ရှိသည့် အိန္ဒိယနိုင်ငံတွင်လည်း အလားတူ ဥပဒေများပြဋ္ဌာန်းသွားသင့်သည်။

အစိုးရအနေဖြင့် ဆေးလိပ်ရောင်းချခွင့်ပြုထားသော စျေးဆိုင်များ၏ဘေးပတ်လည် ကီလိုမီတာ ၄၀ အတွင်း၌သာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်ကုန်များရောင်းချခွင့်ပြုသည့် အစီအမံအသစ်ချမှတ်ဆောင်ရွက်သွားသင့်သည်။ ၎င်းမဟာဗျူဟာသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်ကုန်များ အလွယ်တကူ ရရှိနေမှုကို တဖြည်းဖြည်းချင်း လျှော့ချသွားနိုင်မည်ဖြစ်သည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီး ထုတ်ကုန်များအပေါ် စည်းကြပ်ခွန် တိုးမြှင့်ကောက်ခံခြင်းသည် ဆေးလိပ်ဝယ်ယူသောက်သုံးမှုကို ထိရောက်စွာလျှော့ချသွားနိုင်မည်မဟုတ်ချေ။ အခွန်အတုပ်များတိုးမြှင့်ကောက်ခံခြင်းသည် ဆေးလိပ်သောက်သုံးနေသည့် ဝင်ငွေနည်းပြည်သူများကိုသာ ဝန်ထုပ်ဝန်ပိုး ပိုမိုဖြစ်ပေါ်စေနိုင်သည်။ အမှန်တော့ ဆေးလိပ်မသောက်ဖူးသေးသော မျိုးဆက်သစ်လူငယ်များ ဆေးလိပ်စတင်သောက်သုံးမှုမရှိစေရန်နှင့် ၎င်းတို့ကို ဆေးလိပ်မရောင်းချရန်၊ သို့မဟုတ် ၎င်းတို့လက်ဝယ်သို့ ဆေးလိပ်အလွယ်တကူ မရောက်ရှိစေရန် ထိရောက်သောဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်သွားသင့်ပေသည်။

သုတေသနပြုချက်များအရ ကမ္ဘာတစ်ဝန်း ဆေးလိပ်သောက်သုံးမှုဦးရေသည် လက်ရှိနှုန်းအတိုင်းသာ ဆက်သွားနေမည်ဆိုလျှင် စီးကရက်နှင့်ဆေးရွက်ကြီးတို့ကြောင့် သေဆုံးသူဦးရေသည် ၂၀ ရာစုတွင် သန်း ၁၀၀ ခန့်သာရှိရာမှ ၂၁ ရာစုတွင် ၁ ဘီလီယံထိ ရှိလာမည်ဟုဆိုသည်။

အိန္ဒိယ၊ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ကမ္ဘာ့ဆေးလိပ်သောက်သုံးသူ စုစုပေါင်း၏ထက်ဝက်ခန့်ရှိသည်ဟုဆိုသည်။ ကမ္ဘာ့နိုင်ငံများစွာတွင် အမျိုးသမီးများထက် အမျိုးသားများက ဆေးလိပ်ပိုမိုသောက်သုံးသည်ဟုဆိုသော်လည်း လက်ရှိအချိန်တွင် ဆေးလိပ်သောက်သုံးသူ အမျိုးသမီးအရေအတွက် မြင့်တက်လာပြီး အမျိုးသားအရေအတွက်ကျဆင်းလာသည်ဟုဆိုသည်။ ဝင်ငွေနည်းမိသားစုများ၊ လူမှုစီးပွား ဘဝ နိမ့်ပါးသူများနှင့် ပညာရည်အဆင့်အတန်းနိမ့်ပါးသူများကြားတွင် ဆေးလိပ်သောက်သုံးမှုမြင့်မားလျက်ရှိသည်ဟုဆိုသည်။ ထို့ကြောင့် ဝင်ငွေနည်းနှင့်ဝင်ငွေ အလယ်အလတ်အဆင့်ရှိသော နိုင်ငံများ (LMICs) တွင် ဆေးလိပ်သောက်သုံးမှုနှင့် ဆေးလိပ်ကြောင့် ဖြစ်ပေါ်သည့် ဘေးထွက်ဆိုးကျိုးများလျှော့ချနိုင်ရေးအတွက် ရန်ပုံငွေနှင့်ယန္တရားများ ထူထောင်ပေးသွားရန်လိုအပ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)သည် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်မှုမြှင့်တင်သည့် ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာ ၂၀၁၉-၂၀၂၅ (GS2025) ကို ၂၀၁၈ ခုနှစ်တွင် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ သို့သော် လက်ရှိအချိန်ထိ ကမ္ဘာလုံးဆိုင်ရာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်မှုသည် WHO ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာ မူဘောင်ပဋိညာဉ်(FCTC) ကို အထောက်အကူပြုမှုရှိသလား။ အထူးသဖြင့် အိန္ဒိယနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်မှုတို့အပေါ် မည်မျှအထောက်အကူဖြစ်သလဲဆိုသောအချက်မှာမူ တိတိကျကျ မသိရှိရသေးပေ။ FCTC အကောင်အထည်ဖော်မှုသည် ဆယ်စုနှစ်တစ်ခုကြာပြီးသည့်တိုင်အောင် အိန္ဒိယနိုင်ငံတွင်မှု သိသိသာသာအကျိုးဖြစ်ထွန်းမှု မရှိသေးပေ။

အိန္ဒိယနိုင်ငံတွင် အရွယ်ရောက်ပြီးသူ ၂၉ ရာခိုင်နှုန်းခန့်သည် ဆေးလိပ်သောက်သုံးလျက်ရှိသောကြောင့် အိန္ဒိယအစိုးရအနေဖြင့် ပိုမိုကောင်းမွန်သော မဟာဗျူဟာလိုအပ်နေပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ ကျေးလက်ဒေသများတွင် အမျိုးသမီးများကြား ဆေးလိပ်သောက်သုံးမှု မြင့်တက်လာလျက်ရှိသည်။ အထူးသဖြင့် မဏိပူရ၊ မက်ဂါလာယာနှင့် နာဂလန်းပြည်နယ်တို့မှအပ အခြားပြည်နယ်များတွင် ဆေးလိပ်သောက်သုံးသူ အမျိုးသမီးအရေအတွက် မြင့်တက်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ အိန္ဒိယအနေဖြင့် မျိုးဆက်သစ်လူငယ်များကြား ဆေးလိပ်သောက်သုံးမှု လျှော့ချနိုင်ရေးအတွက် ထိရောက်သောအစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံအဖြစ်ရပ်တည်လာပြီး နည်းပညာတိုးတက်မှုနှင့်အတူ ဆင်းရဲ၊ ချမ်းသာကွာဟချက်လည်း မြင့်မားလာလျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် လူငယ်အများစုသည် ဆေးလိပ်အလွယ်တကူ ဝယ်ယူရရှိလျက်ရှိသဖြင့် လက်ကြားတွင် စီးကရက်ညှပ်ထားလေ့ရှိကြသည်။ ထို့ပြင် ကျေးလက်ဒေသများတွင်လည်း အမျိုးသမီးများသည်ပင်လျှင် ဆေးလိပ်သောက်သုံးလာလျက်ရှိကြသည်။ အကျိုးဆက်အနေဖြင့် အိန္ဒိယနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့ကြောင့် နောက်ဆက်တွဲရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုနှုန်းလည်း မြင့်တက်လျက်ရှိသည်။

ထို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့် မျိုးဆက်သစ်လူငယ်များလက်ဝယ်သို့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်ကုန်များ အလွယ်တကူ မရောက်ရှိစေရေးနှင့် ဆေးလိပ်သောက်သုံးသူ လျှော့ချနိုင်ရေးအတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထုတ်ကုန်ရောင်းချသည့် စျေးဆိုင်များကို စည်းကမ်းတင်းကျပ်ခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်ကုန်များအပေါ် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံခြင်းအပါအဝင် ထိရောက်သော အစီအမံများ ချမှတ်ဆောင်ရွက်သွားသင့်ကြောင်း သုံးသပ်တွေ့ရှိရသည်။

❖ အိန္ဒိယနိုင်ငံတွင် အရွယ်ရောက်ပြီးသူ ၂၉ ရာခိုင်နှုန်းခန့်သည် ဆေးလိပ်သောက်သုံးလျက်ရှိသောကြောင့် အိန္ဒိယအစိုးရအနေဖြင့် ပိုမိုကောင်းမွန်သော မဟာဗျူဟာလိုအပ်နေပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ ကျေးလက်ဒေသများတွင် အမျိုးသမီးများကြား ဆေးလိပ်သောက်သုံးမှုမြင့်တက်လာလျက်ရှိသည်။ အထူးသဖြင့် မဏိပူရ၊ မက်ဂါလာယာနှင့် နာဂလန်းပြည်နယ်တို့မှအပ အခြားပြည်နယ်များတွင် ဆေးလိပ်သောက်သုံးသူ အမျိုးသမီးအရေအတွက် မြင့်တက်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ အိန္ဒိယအနေဖြင့် မျိုးဆက်သစ်လူငယ်များကြား ဆေးလိပ်သောက်သုံးမှု လျှော့ချနိုင်ရေးအတွက် ထိရောက်သောအစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။ ❖

**ကိုးကား**


- (1) India must tackle plague of tobacco-related deaths by Asia Times.
- (2) India urged to ramp up anti-tobacco policies by The Diplomat.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျာမနီက အစ္စရေးထုတ် Arrow-3 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ဝယ်ယူရန် စီစဉ်နေ



ဂျာမနီနိုင်ငံသည် အစ္စရေးထံမှ Arrow-3 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်ကိုဝယ်ယူရန် စီစဉ်နေကြောင်း ဇွန် ၁၃ ရက်က The Defense News တွင် ရေးသားဖော်ပြထားသည်။

ဝယ်ယူရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် ယူရို ၄ ဘီလီယံထိ အသုံးပြုသွားရန် ခန့်မှန်းထားသည်။ ဤလုပ်ဆောင်မှုသည် အလွှာပေါင်းစုံ ဒုံးကျည်ကာကွယ်ရေးအတွက် ယူရို ၁၇ ဘီလီယံ ကုန်ကျမည့် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန် ဂျာမနီနိုင်ငံ၏ မဟာဗျူဟာတစ်စိတ်တစ်ပိုင်းဖြစ်သည်။

ဤစနစ်တွင် ဂျာမနီထုတ် IRIS-T၊ အစ္စရေးထုတ် Arrow-3 နှင့် အမေရိကန်ထုတ် Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များ ပေါင်းစပ်ပါဝင်မည်ဖြစ်သည်။ လက်ရှိတွင် ဂျာမနီအစိုးရသည် IRIS-T လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ရှစ်စုံ ဝယ်ယူရန် Diehl Defense နှင့် ညှိနှိုင်းလျက်ရှိသည်။

ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနသည် မြေပြင်တပ်များကိုကာကွယ်ရာတွင် ရှိပြီးသားစွမ်းရည်ကန့်သတ်ချက်များကို ကျော်လွှားနိုင်ရန်နှင့် အခြားပိုင်ဆိုင်မှုများနှင့်အတူ တာတို၊ တာနီးလေကြောင်းခြိမ်းခြောက်မှုများမှ တုံ့ပြန်ဖျက်ဆီးနိုင်စေရန်အတွက် ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနက စတင်လုပ်ဆောင်ခဲ့သည်။

ဂျာမနီအစိုးရသည် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်ကို LVS စီမံကိန်းဖြင့် ၂၀၃၁ ခုနှစ်တွင် တာလတ်နှင့် တာဝေးအလွှာကာကွယ်ရေးအတွက် အစားထိုးအသုံးပြုလာပြီး ၎င်း၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များကို တိုးမြှင့်ရန်စီစဉ်ထားသည်။ လက်ရှိတွင် ဂျာမနီစစ်ဘက်သည် မြေပြင်အခြေစိုက် Patriot လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ် ၁၂ စုံ ပိုင်ဆိုင်ထားသည်။ ထို့ပြင် LVS NNbS စီမံကိန်းသည် လက်ရှိ Mantis လက်နက်စနစ်နှင့် Ozelot အပေါ့စားလေကြောင်းရန်ကာကွယ်ရေးစနစ်တို့ကိုအစားထိုးရန်နှင့် အဆင့်မြှင့်တင်ရန်စီစဉ်ထားသည်။

Arrow-3 သို့မဟုတ် Hetz 3 လက်နက်စနစ်သည် အစ္စရေးလေကြောင်းဆိုင်ရာစက်မှုလုပ်ငန်း (IAI) နှင့် Boeing ကုမ္ပဏီတို့မှ တီထွင်ထုတ်လုပ်ထားသည့် အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်ဖြစ်သည်။ ၎င်းသည် အစ္စရေးနိုင်ငံ၏ အလွှာပေါင်းစုံပဲ့ထိန်းဒုံးကျည်ကာကွယ်ရေး၏ အဓိကအစိတ်အပိုင်းလည်းဖြစ်သည်။ အစ္စရေးတို့က Arrow-3 ကို ၂၀၀၈ ခုနှစ်တွင် စတင်တီထွင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် တိုက်ပွဲဝင်အသင့်တပ်ဖြန့်အသုံးပြုနိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။


Arrow-3 သည် တာဝေးပစ်ပဲ့ထိန်းဒုံးကျည်များကို ဖြင့်ပလေထုအတွင်း၌ရှိနေစဉ် ကြားဖြတ်ဖျက်ဆီးရန် အထူးဒီဇိုင်းထုတ်ထားပြီး ၎င်းသည် အလွန်မြင့်မားသော အမြင့်၌ပင် ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ပေါက်ကွဲပျက်စီးမှုများမှ အပျက်အစီးများနှင့် ထိပ်ဖူးများကို မြေပြင်သို့ပြန်လည်မရောက်အောင်လည်း တားဆီးကာကွယ်ပေးနိုင်သည်။ ၎င်းသည် ပစ်မှတ်အနီးတွင် ပေါက်ကွဲခြင်းထက် မစ်ရှင်အောင်မြင်ရန် ပစ်မှတ်ကို တိုက်ရိုက်ထိမှန်တိုက်ခိုက်သည့် Hit-to-Kill နည်းပညာကို အသုံးပြုထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစနစ်တွင် ဝင်ရောက်လာသော ရန်သူ့ဒုံးကျည်ခြိမ်းခြောက်မှုများကို ရှာဖွေထောက်လှမ်းရာတွင် ကူညီပေးသည့် ခေတ်မီဆန်းသစ်သော ရေဒါတစ်စီးပါရှိသည်။ ပစ်မှတ်ကို ထောက်လှမ်းတွေ့ရှိပါက ကြားဖြတ်ဟန့်တားရန် Arrow-3 ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်ကို ပစ်လွှတ်တိုက်ခိုက်ခြင်းဖြစ်သည်။ Arrow-3 ၏ Kill Vehicle ယာဉ်ကို Onboard Targeting System ဖြင့် လမ်းညွှန်ထိန်းကျောင်းထားပြီး ပျံသန်းရာလမ်းကြောင်းကို ပြောင်းလဲမှုများပြုလုပ်နိုင်ကာ ပစ်မှတ်ကို ထိမှန်ဖျက်ဆီးနိုင်စေသည်။

Arrow-3 စနစ်သည် နျူကလီးယား၊ ဇီဝဗေဒ သို့မဟုတ် ဓာတုလက်နက်ထိပ်ဖူးများသယ်ဆောင်သည့် ပဲ့ထိန်းဒုံးကျည်များအပါအဝင် ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ပစ်ချရန် အထူးဒီဇိုင်းထုတ်ထားသည်။ ၎င်း၏ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များသည် အလွန်မြင့်မားသော Exo-Atmosphere လေထုလွှာတွင် တိုက်ပွဲဝင်နိုင်ပြီး ကမ္ဘာမြေ၏ အနိမ့်ပျံပတ်လမ်းအတွင်းထိ ပျံသန်းတိုက်ခိုက်နိုင်ခြေရှိသည်။ အမြင့်ပေသတ်မှတ်ချက်ကို အတိအကျသတ်မှတ်ထားသော်လည်း ကမ္ဘာမြေမျက်နှာပြင်အထက် ကီလိုမီတာ ၁၀၀ ကျော်၌ပင် ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

**Germany boosts defense with €4B acquisition of Israeli Arrow-3 air defense missile systems ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြည်တွင်းကုမ္ပဏီတစ်ခုမှ Bluebottle ပင်လယ်ပြင်စောင့်ကြည့်ရေးဒရုန်းတစ်စင်း ဩစတြေးလျရေတပ်လက်ခံရရှိ



ဩစတြေးလျတော်ဝင်ရေတပ်သည် ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် Ocius Technology မှ Bluebottle ပင်လယ်ပြင်စောင့်ကြည့်ရေးဒရုန်း (USV) နောက်ဆုံးတစ်စင်းကို လက်ခံရရှိခဲ့ပြီး တပ်တော်ဝင်အခမ်းအနားတွင် ထုတ်ဖော်ပြသခဲ့ကြောင်း ဇွန် ၁၃ ရက်က The Defense News တွင် ဖော်ပြထားသည်။

အလျား ခုနစ်မီတာရှည်သော အလိုအလျောက်လုပ်ဆောင်နိုင်သည့် ပင်လယ်ပြင်စောင့်ကြည့်ရေးဒရုန်းသစ်ကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ Randwick ဆင်ခြေဖုံးဒေသတွင် ဇွန် ၉ ရက်က ပြသခဲ့ခြင်းလည်းဖြစ်သည်။

USV သည် တပ်တော်ဝင်တပ်ဖြန့်အသုံးပြုနေပြီဖြစ်သော ပင်လယ်ပြင်စောင့်ကြည့်ရေးဒရုန်းလေးစင်းနှင့်အတူ ပူးပေါင်းတာဝန်ထမ်းဆောင်သွားမည်ဖြစ်ပြီး ကမ်းရိုးတန်းစောင့်ကြည့်ခြင်း၊ တရားမဝင်ငါးဖမ်းခြင်းကို ကာကွယ်ခြင်းနှင့် လူမှောင်ခိုမှုတိုက်ဖျက်ခြင်းလုပ်ငန်းများအတွက် ဖြန့်ကြက်အသုံးပြုသွားမည်ဖြစ်သည်။

ဩစတြေးလျတော်ဝင်ရေတပ်၏ ပင်လယ်ပြင်စောင့်ကြည့်ရေးဒရုန်းသစ်အတွက် တပ်တော်ဝင်မိတ်ဆက်ခြင်းအခမ်းအနားတွင် ဗိုလ်မှူးကြီး Darron Kavanagh က "ဒီရေယာဉ်ငယ်တွေရဲ့ အလှတရားတွေထဲက တစ်ခုကတော့ ကျွန်တော်တို့ရဲ့ ရှိပြီးသားစစ်ရေယာဉ်စုကို ပြည့်စုံကောင်းမွန်အောင် ဖြည့်ဆည်းပေးနိုင်တာပါပဲ။ နောက်တစ်ချက်ကတော့ ပင်လယ်ပြင်မှာ သင်္ဘောသားတပ်ဖွဲ့ဝင်တွေပါဝင်တဲ့ စစ်ရေယာဉ်တွေထက် အုပ်ချုပ်ပံ့ပိုးမှုကို ထည့်သွင်းတွက်ချက်စရာမလိုဘဲ အချိန်ကြာကြာတာဝန်ထမ်းဆောင်နိုင်တာပါပဲ" ဟု ပြောကြားခဲ့သည်။ Kavanagh က ပင်လယ်ပြင်စောင့်ကြည့်ရေးအတွက် အဆိုပါဒရုန်းကိုအသုံးပြုရန်ဖြစ်လာနိုင်ခြေကိုလည်း အရိပ်အမြွက်ပြောကြားခဲ့သည်။

"လောလောဆယ်မှာ ပင်လယ်ရေကြောင်းနဲ့ ငါးဖမ်းလုပ်ငန်းကို အကာအကွယ်ပေးရာမှာ တော်တော်လေးကို ပြင်ဆင်ထားပါတယ်။ ဒါပေမဲ့လဲ ကျွန်တော်တို့က ပင်လယ်ပြင်ရေအောက်စောင့်ကြည့်ရေးအတွက်ကိုလဲ လုပ်ဆောင်နေပါတယ်။ ဒီဒရုန်းတွေဟာ ဆူညံသံတိတ်ဆိတ်ငြိမ်သက်လွန်းတာကြောင့် အခွင့်အလမ်းတစ်ခုလို့မြင်ပါတယ်။ ဒါဟာ ပင်လယ်ရေအောက်မှာနားဆင်ဖို့ ပြီးပြည့်စုံတဲ့စနစ်တစ်ခုဖြစ်လာနိုင်တယ်လို့ ကျွန်တော်တို့ ရှုမြင်သုံးသပ်မိပါတယ်"ဟု Darron Kavanagh က ပြောကြားခဲ့သည်။

Ocius Technology မှ တီထွင်ထုတ်လုပ်ထားသည့် Bluebottle USV သည် လေ၊ လှိုင်းများနှင့် နေကိုအသုံးပြု၍ တွန်းကန်အားယူနစ်သုံးခုကို စွမ်းအားပေးထားသည်။ ဩစတြေးလျနိုင်ငံ ကာကွယ်ရေးကဏ္ဍအတွက် တီထွင်ဆန်းသစ်မှုများတွင် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ ဆစ်ဒနီအင်ဂျင်နီယာကုမ္ပဏီမှ တီထွင်ဖန်တီးထားသည့် ပင်လယ်ပြင်စောင့်ကြည့်ရေးဒရုန်းများကို တီထွင်ထုတ်လုပ်ခဲ့သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များကို အသုံးပြုခြင်းဖြင့် အဆိုပါပင်လယ်ပြင်စောင့်ကြည့်ရေးဒရုန်းများအနေဖြင့် အကွာအဝေးအတော်များများကို လွှမ်းခြုံထားနိုင်ပြီး ပင်လယ်ပြင်တွင် ကာလရှည်ကြာနေနိုင်ကာ သတ်မှတ်ထားသည့် ဧရိယာများကို အလိုအလျောက်စောင့်ကြည့်ထောက်လှမ်းနိုင်မည်ဖြစ်သည်။ Bluebottle ပင်လယ်ပြင်စောင့်ကြည့်ရေးဒရုန်းသည် ပျမ်းမျှ Payload ပါဝါ 50W ဖြင့် အမြန်နှုန်း 5 knots ထိ ခုတ်မောင်းနိုင်သည်။ ဩစတြေးလျတော်ဝင်ရေတပ်သည် ၎င်း၏ ပထမဆုံး Bluebottle ပင်လယ်ပြင်စောင့်ကြည့်ရေးဒရုန်းနှစ်စင်းကို ယခုနှစ် မတ်လက လက်ခံရရှိခဲ့သည်။

**Australian Navy Receives Final Bluebottle Unmanned Surface Vessel ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects progress in building Maravijaya Buddha Image that will become world's tallest stone Buddha statue in seated position





Senior General Min Aung Hlaing views presentation on preparations for umbrella hoisting.

**Nay Pyi Taw June 15**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by officials, inspected progress in building Maravijaya Buddha Image, which will become the world's tallest stone Buddha statue in seated position, at Maravijaya Buddha Park, Dekkhinathiri Township, Nay Pyi Taw, Union Territory this evening.

At the briefing hall, Lt-Gen Kan Myint Than from Office of Commander-in-Chief (Army) reported on progress in implementing the guidance given by the Senior General during his inspection of the project on 13 June, curving of smaller images, progress of the Maravijaya Buddha Image project, application of the colour of monk's robe on the relevant parts of the Image, making of finished stone sculptures, decorating of the Throne with floral decorations, curved with mobile CNC, and progress of weekly functions, and Quartermaster-General Lt-Gen Kyaw Swa Lin on progress in erecting religious buildings in the park, fountain square, sacred platform, chamber, Mucalinda Lake and Statue of Buddha in meditation under a huge serpent, Sasana Beikman, and pagodas holding stone tablets.

The Senior General and party inspected progress in curving the Maravijaya Buddha Image and erecting the decorated flagpole, gandhakuti chambers, flourishing of Maha Bodhi tree, progress in building Sasana Beikman, Sudhamma rest houses, fountain square, pagodas holding stone tablets, Mucalinda Lake and Statue of Buddha in meditation under a huge serpent, thriving of kyee trees, and looked into the requirements presented by officials.

*See Page 13*



Senior General Min Aung Hlaing views structural designs.



Senior General Min Aung Hlaing views construction progress.



Photo shows the magnificent Maravijaya Buddha Image under construction.



Senior General Min Aung Hlaing views construction progress.

# Vice-Senior General Soe Win inspects Sittway and Yathedaung stations and meets with officers, other ranks and families



Vice-Senior General Soe Win provides cash assistance.



Vice-Senior General Soe Win provides cash assistance.

**Nay Pyi Taw June 15**

Chairman of the National Disaster Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, accompanied by the members, visited Sittway and inspected the local battalions in Sittway and Yathedaung stations and gave words of encouragement to officers, other ranks and families.

First, the Deputy Prime Minister met with officers, other ranks and families separately in the station halls and addressed them. As they have overcome the impact of the Mocha storm with wind speed of about 120 mph. He said he is visiting to know the conditions of living, food and health. According to the priority, all the families have been able to reach and live safely under the shelter.

As military personnel are working 24 hours a day to fulfill the duties assigned to them from above, they need to work for the family without straining. In order to do that, the officials need to arrange for the family to live and eat safely.

Similarly, food is the most important, and in accordance with the agricultural and breeding guidelines set by the Tatmadaw, we will try to carry out the army-owned and privately-owned agricultural and livestock businesses during this year's agricultural season, and the necessary varieties will also be provided.

Although it was a very severe storm that hit with 120 mph, the least amount of damage was experienced due to the preparations from the government, providing awareness and cooperation from all. In carrying out the rehabilitation activities, everyone needs to be actively involved.



Vice-Senior General Soe Win presents gift to a patient.

Regarding education sector, the Prime Minister has given an education policy to ensure that all school age children can go to school and all those who are in school can continue to study until they pass KG+9 at least so all of us need to train our children to be educated.

In terms of health, the government set a policy that says nothing is more important than human life and efforts are being made to reach the necessary medicines and accessories on time. Family members need to be careful to use clean water, starting with drinking water, to avoid complications such as diarrhea.

The family members of military personnel are needed to be active in the rehabilitation work that must be carried out.

Then, Vice-Senior General Soe Win and members provided food stuff, cash and vegetable seeds to officers, other ranks, family members and aid and relief groups from the stations.

In addition, Vice-Senior General Soe Win and members visited the medical battalion in Sittway City and met and gave words of encouragement to officers, other ranks and family members, who are receiving treatment at the hospital. They provided food to the patients, inspected around the hospital, and coordinated to fulfill the needs.

In addition to this, Vice-Senior General Soe Win and members visited the No. 6 Basic Education High School in Sittway to meet with the students. It was reported that he met with the teachers and coordinated to fulfill the needs. 100



Vice-Senior General Soe Win presents foodstuffs.

*From Page 12*

The erection of Maravijaya Buddha Image has four objectives --**to show the world that Theravada Buddhism is flourishing well in Myanmar, for the country, Myanmar, to become the centre of Theravada Buddhism, for national peace and prosperity, and for global peace and tranquility**. A large marble boulder was carried along the river from Sakyin Hill in Madaya Township, where it was found, to Hsimigon port, and from there it was carried by modular trailers on Mandalay-Yangon Expressway through a lot of hardships. Expert sculptors cured the marble stone into the Buddha Image stage by stage with the application of CNC machines day and night.

The task of putting the large section of the Image which is a combination of parts 1/2/3 put onto the Yadana Throne began at the auspicious time on 26 January. It was successfully put on the throne on 31 January. Jewelry and precious items donated by the main donor Senior General Min Aung Hlaing and other donors and well-wishers in the entire country were successfully enshrined in the reliquaries at the centre point on the Yadana Throne at the ceremonies held on 27 January and 10 February. Donors and people of the entire Republic of Union of Myanmar rejoiced at the donations and said Sadhu. The ceremony to put the 4th part on the throne was held on 11 February. Ninety-seven percent of the image curving work has been completed to this date.

The project also covers the work of building of a number of religious buildings including the Sasana Beikman with the capacity to accommodate 900 monks and 1200 laypersons to hold large-scale religious ceremonies. In accord with the ovada of the Sayadaws, Pitaka scriptures of the Sixth Synod are being recorded on stone tablets both in Pali and Romanized versions in order to internationalize them. The completed stone tablets are placed in front of the Image, so that pilgrims will also be able to study the religious treatises. Moreover, the publication of Pitaka treatises in Pali and Romanized versions is underway for global distribution. At present, the work of constructing religious buildings and Buddha Park is completed about 86%. 100

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win visits Saint Mark's Cathedral in Sittway and Thetkepyin IDP Camp and provides foodstuffs, seeds of green vegetables and supplies to cyclone-affected people





Vice-Senior General Soe Win gives a speech at the church.

**Nay Pyi Taw June 15**

Chairman of National Natural Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, currently in Sittway, and party went to Saint Mark's Cathedral at the corner of Mayyu Road and Chinpyan Road in Sittway this morning and inspected repair works of the cathedral damaged by the cyclone.

Firstly, U Hlaing Win, presiding reverend of the cathedral, briefed on the damage of the cathedral, repair works and religious matters.

The Vice-Senior General made coordination on the report and gave an address. In his address, he said despite the right to freely practice any religion according to the Constitution, all need to be faithful to the State as they are living in the Republic of the Union of Myanmar. They live on the same land and drink water from the same source and share any trouble and happiness through thick and thin. Under the leadership of the Prime Minister, rehabilitation measures on those affected by the Mocha Cyclone are being taken on all sides for recovery from the suffering as soon as possible. In doing so, special attention is given to repair the damaged religious buildings. Due to the preparedness ahead of the cyclone, it was able to face the very severe storm with the minimum damage and losses. It is grateful for cooperation in preparedness and rehabilitation. I would like the reverends and Christians to keep cooperating and contributing to rehabilitation measures substantially. The Vice-Senior General then presented foodstuffs and relief items for the Christian organizations.



Vice-Senior General Soe Win makes cash donation.

Afterwards, the Vice-Senior General and party proceeded to Thetkepyin IDP Camp and met its residents. At the meeting, the Vice-Senior General spoke of the state of anybody of citizen, associate citizen and naturalized citizen living in the country sharing all good and bad of the State, the need to work together in rehabilitation measures after experiencing the disaster of Mocha Cyclone, the need to understand the goodwill of the State, the need of not being extreme in any religion despite the right to freely practice any religion according to the Constitution, the need to work together in making their places beautiful and pleasant, measures being taken by the State for things of unseemliness and the need to take measures on a self-help basis, and the state of making efforts to fulfill the needs despite the needs in taking rehabilitation measures statewide. The Vice-Senior General provided them with foodstuffs, packs of green vegetables seeds and rolls of tarpaulin through officials.

Next, the Vice-Senior General and party cordially greeted the people who attended the meeting. 100



Vice-Senior General Soe Win gives a speech at the IDP camp.

# SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win meets departmental personnel, town elders, relief teams, philanthropic teams in Yathedaung



Vice-Senior General Soe Win presents offertories to Sayadaws.

**Nay Pyi Taw June 15**

Chairman of the Natural Disaster Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and party this afternoon inspected progress of rehabilitation in Yathedaung and met with departmental personnel, town elders, relief teams and philanthropic teams at the meeting hall of the Township General Administration Department.

A Tatmadaw official assigned to supervise rehabilitation tasks reported on loss and damage in the storm and progress of rehabilitation and construction. The Vice-Senior General attended to the needs.

The Vice-Senior General in his address said that he came there to view progress of rehabilitation within one month period at the storm-hit towns and he expressed much progress of tasks at present in comparison with that of 18 May.

Next, the Vice-Senior General discussed arrangement for providing necessary seeds in time for this year's cultivation season, repairing for the damaged saltwater preventive embankments, dredging of the drinking water lakes ad cleaning them, arrangements for students to learn education under shelters, current learning situation, and more supply of rice from 10,000 tons of reserved rice (200,000 bags) stored before the storm for convenience of people from basic strata and attended to the needs of officials. Then, foodstuffs were presented to relevant departments, relief teams and philanthropic teams.

The Vice-Senior General paid homage to members of the Sangha at Aungmye Bawdi Dhamma Yeiktha Alodawpyae Monastery in Yathedaung and offered rice and alms.

The Vice-Senior General and party inspected progress in repairing the main building of Yathedaung People's Hospital affected by the storm, comforted patients receiving medical treatment and presented foodstuffs and cash assistance.

The Vice-Senior General viewed learning of students at the Basic Education High School in Yathedaung, met with teachers and fulfilled their needs. 100



Vice-Senior General Soe Win provides cash assistance.

# Greece boat disaster: Capsized boat had 100 children in hold, BBC told



The Greek coastguard released images of the crowded boat before it went down.

**Athens June 15**

Survivors from a fishing boat that sank off southern Greece in one of Europe's worst migrant disasters say up to 100 children may have been on board.

At least 78 people have already been confirmed dead in the disaster.

But scores more could still be missing at sea, with reports suggesting that up to 750 people were aboard the vessel.

Greece's public broadcaster ERT is reporting that 11 to 12 arrests have been made at the Kalamata Port Authority.

The country's coastguard has been criticised for not intervening earlier but authorities say their offers of aid were refused.

Rescuers are still scouring the seas off Greece in a massive search operation, as hopes of finding more survivors dwindle.

Shocking accounts of a large number of women and children travelling in the hold of the ship have come via medics who treated the mostly male survivors.

The boat had reportedly been travelling from Libya to Italy before it capsized.

The senior doctor at Kalamata General Hospital who treated survivors of Wednesday's shipwreck has told the BBC as many as 100 children were on the vessel. BBC

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေတပ်နယ်နှင့် ရသေ့တောင်တပ်နယ်တို့ကို လိုက်လံကြည့်ရှုစစ်ဆေး၊ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရသေ့တောင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရသေ့တောင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၅**

စစ်တွေမြို့သို့ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့တွင် စစ်တွေတပ်နယ်နှင့် ရသေ့တောင်တပ်နယ်တို့ရှိ နယ်မြေခံတပ်ရင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တပ်နယ်ခန်းမများတွင် သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် လေတိုက်နှုန်း တစ်နာရီ မိုင် ၁၂၀ ခန့်တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းဒဏ်ကိုကြုံကြုံခဲ့၍ ကျော်ဖြတ်ခဲ့ပြီးဖြစ်ကြောင်း၊ မုန်တိုင်းအလွန်ကာလတွင်လည်း နေရေး၊ စားရေး၊ ကျန်းမာရေး အခြေအနေများကိုသိလို၍ လာရောက်ခြင်းဖြစ်ကြောင်း၊ ဦးစားပေးအရ အမိုးအကာအောက်ကို မိသားစုအားလုံး လုံလုံခြုံခြုံဖြင့် ရောက်ရှိနေထိုင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

တပ်မတော်သားများအနေဖြင့် အထက်မှပေးအပ်သောတာဝန်ကို ၂၄ နာရီ တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ မိသားစုအတွက် နောက်ဆံမတင်းဘဲ တာဝန်ထမ်းဆောင်နိုင်ရန်လိုအပ်ကြောင်း၊ ထိုသို့တာဝန်ထမ်းဆောင်နိုင်ရန် မိသားစု လုံလုံခြုံခြုံနေထိုင်စားသောက်နိုင်ရန် တာဝန်ရှိသူများက စီမံပေးရန်လိုကြောင်း။

အလားတူ စားသောက်ရေးသည် အရေးကြီးဆုံးဖြစ်ပြီး တပ်မတော်က ချမှတ်ပေးထားသော စိုက်ပျိုးမွေးမြူရေးလမ်းညွှန်ချက်များနှင့်အညီ တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုနှစ်စိုက်ပျိုးရေးရာသီအတွင်း ပြန်လည်စိုက်ပျိုးနိုင်ရန်အထိ ကြိုးပမ်းသွားရန်နှင့် လိုအပ်သောမျိုးများကိုလည်း တစ်ပါးတည်းပေးအပ်ခဲ့မည်ဖြစ်ကြောင်း။ **စာမျက်နှာ ၁၉ သို့**





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။





**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သက္ကေယ်ပြင် IDP Camp ၌နေထိုင်သူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။**

☆ **ကျောဖုံးမှအဆက်**

သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဘုရားကျောင်း ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကိုကြည့်ရှုသည်။

ဦးစွာ ဘုရားကျောင်း ကျောင်းထိုင်ဆရာတော် ဦးလှိုင်ဝင်းက မုန်တိုင်းကြောင့်ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဘာသာရေးဆိုင်ရာများ ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နှစ်သက်ရာဘာသာအပေါ် လွတ်လပ်စွာကိုးကွယ်ခွင့်ပေးထားသော်လည်း အားလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းနေထိုင်ကြသူများသာဖြစ်၍ နိုင်ငံတော်၏သစ္စာကို စောင့်သိရန်လိုကြောင်း၊ တစ်မြေတည်းနေတစ်ရေတည်းသောက်ကြသူများဖြစ်၍ သုခ၊ ဒုက္ခမှန်သမျှတို့ကို အေးအတူပူအမျှ မျှဝေခံစားကြရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်မှုဖြင့် မိုခါမုန်တိုင်း၏ထိခိုက်မှုအပေါ် အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း သာသနိကအဆောက်အအုံများနှင့် ပတ်သက်၍လည်း အလေးထား ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မုန်တိုင်းမတိုက်ခတ်မီ ကြိုတင်ပြင်ဆင်ခဲ့မှုများကြောင့် မုန်တိုင်းမှာ အလွန့်အလွန်ပြင်းထန်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှုအနည်းဆုံးဖြင့် ရင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှုနှင့် ပြန်လည်ထူထောင်ရေးတွင်လည်း ပူးပေါင်းပါဝင်ခဲ့မှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ ဆက်လက်၍လည်း ပြန်လည်ထူထောင်ရေးတွင်လည်း ဆရာတော်များနှင့် ဘာသာဝင်များကလည်း တစ်တပ်တစ်အား တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ အဖယာဝရဘုရားရှင်၏ နာမတော်ကျေးဇူးတော်တို့ဖြင့် ဘာသာသာသနာအကျိုးကို အကောင်းဆုံးထမ်းဆောင်နိုင်စေရန် ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားပြီး ခရစ်ယာန်ဘာသာရေးအဖွဲ့များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သက္ကေယ်ပြင် IDP Camp သို့သွားရောက်၍ အဆိုပါ IDP Campတွင် နေထိုင်သူများကိုတွေ့ဆုံ၍ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ မည်သူမဆို နိုင်ငံတော်၏ အကောင်းအဆိုးမှန်သမျှကို အားလုံးဝေမျှခံစားရသည့်အခြေအနေများ၊ ယခုအခါမိုခါမုန်တိုင်း၏ဘေးအန္တရာယ်ကိုလည်း ခံစားခဲ့ရသကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း တက်ညီလက်ညီဖြင့်ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများ၊ နိုင်ငံတော်၏ စေတနာအပေါ် သိရှိနားလည်ရန်လိုအပ်သည့်အခြေအနေများ၊ အခြေခံဥပဒေအရ လွတ်လပ်စွာကိုးကွယ်ခွင့်ပေးထားသော်လည်း မည်သည့်ဘာသာကိုးကွယ်သည်ဖြစ်စေအစွန်းမရောက်အောင်ထိန်းသိမ်းရန် လိုအပ်သည့်အခြေအနေများ၊ မိမိနေထိုင်ရာ ပတ်ဝန်းကျင်အလိုက်ကျေးရွာ၊မြို့ရွာများသန့်ရှင်းသာယာလှပစေရန်ဝိုင်းဝန်းလုပ်ကိုင်ရန်လိုအပ်သည့် အခြေအနေများ၊ အမြင်မတော်သည်များကို နိုင်ငံတော်ကဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကိုယ့်အားကိုယ်ကိုးဖြင့် လုပ်ဆောင်ရန်လည်း လိုအပ်သည့်အခြေအနေများ၊ ပြည်နယ်အနှံ့ ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိနေနိုင်သော်လည်း ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော စားရေအဆင်ပြေစေရန်နှင့် အမိုးအကာအောက်တွင် လုံခြုံစွာနေထိုင်နိုင်ရေး အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ်များနှင့် တာပေါ်လင်လိပ်များ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သက္ကေယ်ပြင် IDP Camp မှ တာဝန်ရှိသူတစ်ဦးအား စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ်များနှင့် တာပေါ်လင်လိပ်များ ထောက်ပံ့ပေးအပ်စဉ်။**



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ရှိ ရှင်မာကုကသီဒြယ်ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှ တာဝန်ရှိသူများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။**

**စာမျက်နှာ ၁၈ မှအဆက်**

တစ်နာရီလျှင် မိုင် ၁၂၀ ထိ တိုက်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မုန်တိုင်းဖြစ်သော်လည်း နိုင်ငံတော်အဝိုင်းမှ ကြိုတင်ပြင်ဆင်မှု၊ အသိပညာပေးမှုများ ပြုလုပ်ခဲ့ခြင်းနှင့် အားလုံး၏လိုက်ပါပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးသာကြုံတွေ့ခဲ့ရကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အားလုံးတက်ကြွစွာဖြင့် လိုက်ပါဆောင်ရွက်သွားရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်နိုင်ရေးနှင့် ကျောင်းနေသူအားလုံးသည်လည်း တန်းစဉ်မပြတ်ဘဲ အနည်းဆုံး KG+9 အောင်မြင်သည်အထိ စာသင်ကြားနိုင်ရေး နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးဆိုင်ရာမူဝါဒပေးထားရာ မိမိတို့၏သားသမီးများကို ပညာတတ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်သွားရန်လိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိဟု မူဝါဒချမှတ်ထားရာ လိုအပ်သောဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို အချိန်မီရောက်ရှိရန် ကြိုးပမ်းပေးလျက်ရှိကြောင်း၊ မိသားစုဝင်များ မုန်တိုင်းအလွန် ဝမ်းပျက်ဝမ်းလျှောကဲ့သို့ နောက်ဆက်တွဲရောဂါများ ကင်းဝေးစေရန် သန့်ရှင်းသောသောက်သုံးရေမှအစ သုံးရေအထိ သတိပြုသုံးစွဲကြရန်လိုကြောင်း။

တပ်မတော်သား မိသားစုဝင်များအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်လည်း တက်တက်ကြွကြွဖြင့် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များက တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစု၊ ကူညီကယ်ဆယ်ရေးအဖွဲ့များကို စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့်ဟင်းသီးဟင်းရွက်မျိုးစေ့များကို ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို လိုက်လံကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ ဆေးရုံအတွင်းလိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းအပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ် ရသေ့တောင်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို တွေ့ဆုံအမှာစကားပြောကြား



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရသေ့တောင်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၅**

စစ်တွေမြို့သို့ ရောက်ရှိနေသော အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရသေ့တောင်မြို့သို့ သွားရောက်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပရဟိတအဖွဲ့များကို တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ ရသေ့တောင်မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကြီးကြပ်ရန် တာဝန်ပေးအပ်ထားသည့် တပ်မတော်မှ တာဝန်ရှိသူတစ်ဦးက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို အသီးသီး တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မုန်တိုင်းအန္တရာယ်ထိခိုက်မှုပြင်းထန်သောမြို့များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေများကို တစ်လတာကာလအတွင်း ပြီးစီးမှုအခြေအနေကို မျက်မြင်သိလို၍ လာရောက်ခြင်းဖြစ်ပြီး မေ ၁၈ ရက်တွင် လာရောက်မှုနှင့် ယခုလာရောက်ကြည့်ရှုခဲ့သည့်မြင်ကွင်းမှာ များစွာတိုးတက်လာမှုကို တွေ့ရကြောင်း ဦးစွာပြောကြားသည်။

၎င်းနောက် ယခုနှစ်စိုက်ပျိုးရာသီအတွက် လိုအပ်သောမျိုးစပါးများအတွက် အချိန်မီရရှိအောင် စီမံပေးမှုအခြေအနေများ၊ ရေငန်ကာတာတမံများကျိုးပေါက်မှုကို ပြင်ဆင်ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊သောက်သုံးရေကန်များ ပြန်လည်ဆယ်တင်၍ သန့်ရှင်းရေးဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများ အမိုးအကာအောက်တွင် စာသင်ကြားနိုင်ရေးဆိုင်ရာစီမံဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် လက်ရှိစာသင်ကြားနေမှုအခြေအနေများ၊ အခြေခံလူတန်းစား စားဝတ်နေရေးပြေလည်စေရေး မုန်တိုင်းမတိုက်ခတ်မီကပင် စုဆောင်းထားသည့် အရန်ဆန်တန်ချိန် ၁၀၀၀၀(အိတ် ၂၀၀၀၀၀)မှ ထပ်မံထောက်ပံ့ပေးနိုင်မည့် အခြေအနေများကို အသေးစိတ်ဆွေးနွေးရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပရဟိတအဖွဲ့များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ရှိ အောင်မြေဇောတိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းသို့သွားရောက်၍ ဆရာတော်၊ သံဃာတော်များကို ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ရှိ ပြည်သူ့ဆေးရုံသို့သွားရောက်၍ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဆေးရုံပင်မအဆောက်အအုံအား ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေများကို စစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့်လူနာများကို လိုက်လံကြည့်ရှုအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရသေ့တောင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရသေ့တောင်မြို့ရှိ ပြည်သူ့ဆေးရုံ၌ မွေးဖွားသည့်အမွှာကလေးငယ်များကို ကြည့်ရှုစဉ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးကိုကိုလှိုင်နှင့် ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂဆိုင်ရာ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဦးဆောင်သည့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**စစ်တွေ ဇွန် ၁၅**

စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးကိုကိုလှိုင်နှင့် ဒေါက်တာသက်သက်ခိုင်တို့သည် ကုလသမဂ္ဂဆိုင်ရာ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr.Ramanathan Balakrishnan ဦးဆောင်သည့်အဖွဲ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ကူညီကယ်ဆယ်ရေးပစ္စည်းများကို စနစ်တကျခွဲဝေဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများ၊ မုန်တိုင်းဒဏ်သင့်ဒေသများ၌ လူမှုရေး၊ စီးပွားရေး ပုံမှန်လည်ပတ်နိုင်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နိုင်ငံတကာ အကူအညီများနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကုလသမဂ္ဂဆိုင်ရာယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့်အတူ OCHA Deputy Head of Office, Ms.Kyoko Ono၊ Senior Advisor to RC/HC Daw Su Su Thatun၊ UN Area Coordinator For Rakhine State, Mr.Riccardo Maia၊ Head of OCHA Rakhine Sub-Office,Mr.Tom Otunga၊ Humanitarian Affairs Specialist,OCHA, U Kyaw Naing Win တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးကိုကိုလှိုင်နှင့် ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂဆိုင်ရာ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဦးဆောင်သည့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။**

# ရန်ပုံငွေဘောလုံးပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများ ပြန်လည်ထူထောင်ရေးတွင် ပါဝင်ကူညီနိုင်ရန်အတွက် အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများနှင့် Foverever FC တို့ ပါဝင်သည့် ရန်ပုံငွေဘောလုံးပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ဇွန် ၁၆ ရက် ညနေ ၃ နာရီတွင် ယှဉ်ပြိုင်ကစားမည့် ရုပ်ရှင်(Movie FC)ဘောလုံးအသင်း နှင့် Forever FC ဘောလုံးအသင်း၊ ညနေ ၅ နာရီတွင် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ ပါဝင်သော Old Star FC ဘောလုံးအသင်းနှင့် ဂီတ(Music FC) ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများ၊ ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ အနုပညာရှင်များက တေးသီချင်းများနှင့် သိဆိုဖျော်ဖြေမှုများ၊ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲ ယှဉ်ပြိုင်မှုများကို MWD HD Channel၊ MRTV Sports Channel၊ MRTV Parliament Channel၊ Farmer Channel၊ Readers Channel နှင့် Skynet Sports Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

# ဇွန် ၁၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၉၈၆၃ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၈၈၂၂ ဦး |

**နေပြည်တော် ဇွန် ၁၅**

ဇွန် ၁၄ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆၇၁၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပင်လုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီလာမြင့်ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် IDA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ် နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK S၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသားတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ချင်းပြည်နယ် ဟားခါးမြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်၌ပြုလုပ်သော ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲသို့တက်ရောက်ခဲ့သည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် တာဝန်ရှိသူများသည် မြို့မရပ်ကွက် လမ်းမဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံ၌ နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ကုလားတန်(၂) ရေယာဉ်ဖြင့် ရောက်ရှိလာသော ဆန်များကို ဖွင့်ဖောက်စစ်အဖွဲ့မှ စိစစ်လက်ခံနေမှု၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကုန်တင်၊ ကုန်ချအဖွဲ့များဖြင့် စားသုံးသူရေးရာဂိုဒေါင်သို့ စနစ်တကျထားရှိ သိုလှောင်နေမှုများကို စနစ်တကျဖြစ်စေရေး၊ လေလွင့်မှုမဖြစ်ပေါ်စေရေး သွားရောက်ကြည့်ရှု ကြပ်မတ်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဘူးသီးတောင်မြို့ရှိ အလင်းရောင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို ပြန်လည်ပြုပြင်ရန်လိုအပ်သော သွပ်များ၊ ဆွမ်းဆန်တော်များ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ကျောင်းထိုင်ဆရာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ချင်းပြည်နယ် မတူပီမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တာဝန်ရှိသူများသည် မတူပီမြို့နယ်အတွင်းရှိ မုန်တိုင်းကြောင့် ပျက်စီးသွားသော စာသင်ကျောင်းများကို ပြန်လည်ပြုပြင်နိုင်ရန် လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို တာဝန်ရှိသူများထံ လှူဒါန်းသည်။

အလားတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးနှင့် တာဝန်ရှိသူများသည် မြို့မမုန်ကျောင်းကျောင်းတိုက်ရှိ မြို့နယ်သံဃနာယကဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇွန် ၁၅

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ



ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ကပြသီဆိုဖျော်ဖြေစဉ်။

နေပြည်တော် ဇွန် ၁၅

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းအဆို၊ အကများ၊ တေးသရုပ်ဖော်အကများ၊ရယ်ရွှင်ဖွယ်ရာဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထိုကဲ့သို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို တပ်နယ်မှ တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၅

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မောင်တောမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ပဲရုံကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ရေချမ်းပြင်ကျေးရွာ၌ လမ်းဘေးဝဲယာရှိ လဲကျနေသော သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ မြို့မရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏အဓိပတိ မန္တလေးတိုင်းဒေသကြီး ဗန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏အနှိမ်မဲ့ပူဇော်ပွဲ... 



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏အဓိပတိ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသမဟာထေရ်မြတ်ကြီး၏ အန္တိမဈာပနအခမ်းအနားကျင်းပရာတွင် ပါဝင်ဆောင်ရွက်ခဲ့သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏အဓိပတိ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသမဟာထေရ်မြတ်ကြီး၏အန္တိမဈာပန အခမ်းအနားကျင်းပရာတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ ရတနာပုံခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ အန္တိမဈာပနအခမ်းအနား ကျင်းပရာတွင် ပါဝင်ဆောင်ရွက်ခဲ့သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး နေ့လယ်စာဖြင့် ဂုဏ်ပြုဧည့်ခံကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ၡင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မစိုးရိမ်တိုက်သစ်ဓမ္မစေတီကျောင်းသို့ သွားရောက်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသတို့ကို ဖူးမြော်၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်ပြီးနောက် ဗန်းမော်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ပြတိုက် တည်ဆောက်သွားမည့်ကိစ္စနှင့်စပ်လျဉ်း၍ ဩဝါဒများခံယူခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာမြို့နှင့် သံတွဲမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်လေ့လာ

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့်တပ်မတော်သားအရာရှိ၊စစ်သည်များကို တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေနှင့် ရခိုင်ပြည်နယ် ငပလီကမ်းခြေများသို့ တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ဇွန် ၁၁ ရက်တွင် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ အနားယူအပန်းဖြေခရီးစဉ်သွားရောက်ခဲ့သည့် အဖွဲ့များမှ ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် ကမ်းခြေလမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်အားကစားများ ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောဘုရားကြီး၊ ချောင်းသာမြို့ရှိ ကျောက်မောင်နှမစေတီ၊ တဂေါင်းဘုရား၊ လေးကျွန်းရန်အောင်ဖောင်တော်ဦးဘုရားတို့ကို ဖူးမြော်ကြည်ညိုခြင်း၊ ချောင်းသာသဲဖြူကျွန်း၊ ရွှေသောင်ယံ၊ အဏ္ဏဝါသိပ္ပံ၊ ပုသိမ်ဟာလဝါလုပ်ငန်းနှင့် ပုသိမ်ထီးလုပ်ငန်း စသည့်



အနားယူအပန်းဖြေခရီးစဉ် သွားရောက်ခဲ့သည့် တပ်မတော်သားအရာရှိ၊ စစ်သည်များကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့်တပ်မတော်သားအရာရှိ၊ စစ်သည်များကို ချောင်းသာကမ်းခြေတွင် အနားယူအပန်းဖြေကြစဉ်။

အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ရခိုင်ပြည်နယ် ငပလီကမ်းခြေသို့ သွားရောက်ခဲ့သည့် အဖွဲ့သည် ကမ်းခြေ၌လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊သဲသောင်ပြင်တွင် ဘောလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး သံတွဲမြို့ရှိ မဒေးတောင်ဘုရား၊ ဆံတော်၊ အံတော်၊ နံတော်ဘုရားတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပုလဲကျွန်း၊ ပေါင်ဝန်တံတား၊ ငပလီဈေး၊ ငပလီကမ်းခြေ စသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြသည်။

ထို့ကဲ့သို့ ဇွန် ၁၁ ရက်မှ ယနေ့ထိ ငါးရက်ကြာ အနားယူအပန်းဖြေ ခရီးစဉ်သွားရောက်ခဲ့သည့်အဖွဲ့များသည် ယနေ့တွင် စုရပ်နေရာများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေနှင့်ရန်ကုန်တိုင်းဒေသကြီးတို့သို့ပြန်လည်ရောက်ရှိကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ အနားယူအပန်းဖြေခရီးစဉ် သွားရောက်ခဲ့သည့် အရာရှိ၊ စစ်သည်များကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ၊ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသအသီးသီးရှိ တန်ခိုးကြီးဘုရားစေတီများ၊ အထင်ကရနေရာများ၏ဗဟုသုတဖြစ်ဖွယ်ရာအကြောင်းအရာများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ အရာရှိ၊ စစ်သည်များ အနေဖြင့်စိတ်လက်ပေါ့ပါးစွာဖြင့် ဒေသန္တရဗဟုသုတများကို လေ့လာခဲ့ကြပြီး ၎င်းတို့အတွက် လွန်စွာအကျိုးရှိခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ အပန်းဖြေခရီးစဉ်သွားရောက်နိုင်ရေး စီစဉ်ပေးခဲ့သည့် တပ်မတော်အကြီးအကဲများကိုလည်း ကျေးဇူးအထူးတင်ရှိကာ စိတ်ဓာတ်ခွန်အားများ ပိုမိုရရှိခဲ့ကြောင်း သတင်းရရှိသည်။



# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇွန် ၁၅**

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏

**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။**

တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇွန် ၂၃ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၁၅**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် ဆန်၊ ကြက်သွန်ဖြူ၊ ငါးသေတ္တာ၊ လက်ဖက်၊ အကြော်စုံ၊ ဟင်းသီးဟင်းရွက်စသည့် စားသောက်ကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများနှင့်ဆေးပစ္စည်း ၇ ဒသမ ၄ တန်တို့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၃၂ ဒသမ ၁ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၃၃၇ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။



သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

# KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့ ဇေတိရာမဘုန်းတော်ကြီးကျောင်းမှ ဆရာတော်တစ်ပါး ထိခိုက်ဒဏ်ရာများရရှိ



KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့ ဇေတိရာမဘုန်းတော်ကြီးကျောင်း ထိခိုက်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၁၅**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုတို့ ထိတ်လန့်မှုများဖြစ်စေရန် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများကို အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ရဟန်းသံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့အရပ်သားပြည်သူများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့တွင်လည်း KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၂) ရပ်ကွက်အတွင်းသို့ မြို့၏မြောက်ဘက် မီတာ ၂၀၀၀ ခန့်မှ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် နယ်မြေခံတပ်ရင်းဌာနချုပ်မှ လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးဗုံးသီးများသည် ရပ်ကွက်အတွင်းရှိ ဇေတိရာမဘုန်းတော်ကြီးကျောင်းဝင်း အတွင်းနှင့် ပင်မကျောင်းဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကျောင်းဆောင်ပေါ်တွင် သီတင်းသုံးနေသည့် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကောဝိဒတွင် လက်နက်ကြီးထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်အား ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ကျော်ရဲဇင်(ခ)ကျော်ကြီးနှင့် ၎င်း၏ဇနီးဖြစ်သူ ဇင်နှင်းထက်(ခ)ထက်ထက် တို့သည် ၎င်းတို့အသုံးပြုသည့် “Kyaw Yezin” Facebook အကောင့်နှင့် “Htet Htet” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁) ရပ်ကွက်နေ ဇော်ထွန်းသည် ၎င်းအသုံးပြုသည့် “Htun Htun” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဘုရားကြီးရပ်ကွက်နေ ချောစုလှိုင်သည် ၎င်းအသုံးပြုသည့် “Chaw Su Hlaing” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက်နေ သက်ထားနွယ်သည် ၎င်းအသုံးပြုသည့် “Thet Htar Nwe” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# တပ်မတော်(လေ)မှ လေ့ကျင့်ရေးရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချွတ်ယွင်းကာ မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဇွန် ၁၅**

တပ်မတော်(လေ)မှ လေ့ကျင့်ရေး ရဟတ်ယာဉ်တစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်မှူးတစ်ဦးနှင့် သင်တန်းသားတစ်ဦး လိုက်ပါ၍ နေပြည်တော်မှ မိတ္ထီလာသို့ လေ့ကျင့်ပျံသန်းလျက်ရှိစဉ် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် လယ်ဒါကြီးကျေးရွာ၏ အနောက်တောင်ဘက် ၅ မိုင်ခန့်အကွာသို့အရောက်၌ ရုတ်တရက် စက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ပြီး မြေပြင်သို့ ပြုတ်ကျမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် ရဟတ်ယာဉ်ပေါ်၌လိုက်ပါလာသည့် ရဟတ်ယာဉ်မှူးနှင့် သင်တန်းသားတို့မှာ ကျဆုံးခဲ့ရကြောင်း သိရှိရပြီး ရဟတ်ယာဉ်ပျက်စီးခဲ့ရသည်။ ၎င်းတို့၏ ရုပ်အလောင်းများကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မိုခါအလွန် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့(၂)

ထက်မြတ်

**ယမန်နေ့မှအဆက်**

ဒီလိုသဘာဝဘေးအန္တရာယ်ကျရောက်တဲ့ ဒေသများအဖြစ်ကြေညာပြီး မရှေးမနှောင်းမှာပဲ မေလ ၁၈ ရက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်အမှတ် ၃၄/၂၀၂၃ ကို ထုတ်ပြန်လိုက်ပါတယ်။

အဲဒီထုတ်ပြန်ချက်ရဲ့အကြောင်းအရာကတော့ ကြေညာခဲ့ပြီးတဲ့ သဘာဝဘေးဒဏ်သင့်ဒေသများမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဒုတိယဗိုလ်ချုပ်ကြီး သုံးဦး၊ ဗိုလ်ချုပ် သုံးဦး၊ ဗိုလ်မှူးချုပ် ၁၂ ဦးပါဝင်တဲ့ တပ်မတော်အရာရှိကြီးများအဖွဲ့ကို သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ ဒေသအဖြစ်သတ်မှတ်ထားသော မြို့နယ် (၂၁)မြို့နယ်သို့ အဆိုပါဒေသမှာရှိတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနဲ့ အနီးကပ်ကူညီပံ့ပိုးပေါင်းစပ်ညှိနှိုင်းပေးနိုင်ရေးအတွက် တာဝန်ခွဲဝေစေလွှတ်ပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ထိုတပ်မတော်အရာရှိကြီးများရဲ့အထက်မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နဲ့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းအပြင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က အနီးကပ်ကြီးကြပ်သွားဖို့ကိုလည်း အဆိုပါထုတ်ပြန်ချက်ထဲမှာ ပူးတွဲဖော်ပြထားပါတယ်။

အခုလိုမျိုး တပ်မတော်အရာရှိကြီးများကို မုန်တိုင်းဒဏ်သင့်ဒေသများဆီ စေလွှတ်ခြင်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်၊ ကယ်ဆယ်ရေးပစ္စည်းများ ပြည်သူလူထုလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိစေရန်၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များကို ကူညီနိုင်ရန်စေလွှတ်ခဲ့ခြင်းသာဖြစ်ပါတယ်။

အလားတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနဲ့အတူ မေ ၁၈ ရက်နဲ့ ၁၉ ရက်တို့မှာ စစ်တွေ၊ ရသေ့တောင်၊ ကျောက်တော်မြို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထူထောင်ရေးဆောင်ရွက်ရမယ့်လုပ်ငန်းများအပေါ် စီမံခန့်ခွဲမှုများ ဆောင်ရွက်ခဲ့ပါတယ်။

ထို့ပြင် မုန်တိုင်းဒဏ်ကြောင့် ၎င်းဒေသရှိ တပ်ရင်း/တပ်ဖွဲ့များတွင်လည်း ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်ခဲ့ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် မေ ၂၂ ရက်မှ ၂၄ ရက်အထိ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊

"ကျောင်းဖွင့်ချိန်အမီ အမြန်ပြုပြင်ဆောင်ရွက်ရန်လိုအပ်တဲ့ ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းနဲ့အထက်တန်းကျောင်းခွဲ ၂၉၅ ကျောင်းကို မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းနဲ့ ပညာရေးဝန်ကြီးဌာနလက်အောက်မှာဆောင်ရွက်နေတဲ့ ဆောက်လုပ်ရေးကန်ထရိုက်တာအဖွဲ့များက တာဝန်ကိုယ်စီခွဲဝေရယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ဆောင်ရွက်ခဲ့ရာ မေလ ၃၁ ရက်အထိ ၅၁ ရာခိုင်နှုန်းပြီးစီးခဲ့ကာ ဇွန်လ ၁၄ ရက်အရောက်မှာတော့ ၇၆ ရာခိုင်နှုန်းပြီးစီးခဲ့ပြီဖြစ်. . ."

ပုဏ္ဏားကျွန်း၊ ရသေ့တောင်မြို့နယ်တို့သို့လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်သည် မေ ၂၈ ရက်မှ ၃၀ ရက်အထိ စစ်တွေ၊ ကျောက်ဖြူမြို့တို့သို့လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် မေ ၂၀ ရက်မှ ၂၁ ရက်အထိ စစ်တွေ၊ မြောက်ဦး၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ ကျောက်ဖြူမြို့နယ်တို့သို့လည်းကောင်း သွားရောက်ပြီး အဆောက်အအုံထိခိုက်ပျက်စီးမှုများ ပြန်လည်ပြင်ဆင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများကိုတွေ့ဆုံအားပေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက မုန်တိုင်းဒဏ်သင့်ဒေသရှိကလေးငယ်များ မိုးလုံလေလုံဖြင့်စာသင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဒီအချက်ကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးဆောင်တဲ့ အစိုးရအဖွဲ့က သဘာဝဘေးဒဏ်သင့်ဒေသများရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြီးစလွယ်ဆောင်ရွက်ခြင်းမရှိဘဲ နယ်ပယ်အစုံမကျန်ရလေအောင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေဖို့ လုပ်ဆောင်ခဲ့တယ်ဆိုတာကို မြင်တွေ့ရပါတယ်။

**ကနဦးစာရင်းကောက်ယူရေးကဏ္ဍ**

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာမှာ အရေးပါတဲ့အခန်းကဏ္ဍတစ်ခုရှိပါတယ်။ အဲဒါကတော့ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီရဲ့ အခန်းကဏ္ဍပါပဲ။

အဲဒီကော်မတီက သဘာဝဘေးအန္တရာယ်ကိုတုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပျက်စီးဆုံးရှုံးမှုလျှော့ချနိုင်ရေးအစီအစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နဲ့ ချက်ချင်း၊ ကာလတို၊ ကာလလတ်နဲ့ ကာလရှည်စီမံကိန်းများရေးဆွဲနိုင်ရန်တို့အတွက် ပျက်စီးဆုံးရှုံးမှုအခြေအနေကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေဖို့ ရည်ရွယ် ဖွဲ့စည်းထားတာပါ။

ကော်မတီက မုန်တိုင်းဝင်ရောက်တိုက်ခတ်မယ်ဆိုပြီး သတင်းအတိအကျရရှိတဲ့ မေလ ၉ ရက်ကတည်းက လုပ်ငန်းစီမံချက်များရေးဆွဲပြီး ရွေ့လျားအဖွဲ့ ခုနစ်ဖွဲ့နဲ့ စာရင်းပြုစု အစီရင်ခံရေးအဖွဲ့ ၁၀ ဖွဲ့ကိုဖွဲ့စည်းကာ စစ်တွေ၊ ပုသိမ်၊ မကွေးနဲ့ ပဲခူးမြို့တို့ကို မုန်တိုင်းမဝင်မီတစ်ရက်အလိုမှာ ရွေ့လျားအဖွဲ့များကိုစေလွှတ်ခဲ့ပါတယ်။

အဲဒီအဖွဲ့များဟာ ကောက်ယူရရှိတဲ့ အချက်အလက်များမှ ပညာရေး၊ ကျန်းမာရေးနဲ့ သာသနိကအဆောက်အအုံများအတွက်လိုအပ်တဲ့ သွပ်၊ သံ၊ သစ်အရေအတွက်နဲ့ တန်ဖိုးများ စာရင်း၊ ပျက်စီးသွားတဲ့ လျှပ်စစ်ဓာတ်တိုင်၊ ဆက်သွယ်ရေး တာဝါတိုင်များစာရင်းနဲ့ သေကျေ ပျက်စီးသွားတဲ့ တိရစ္ဆာန်များ၊ ငါးကန်၊ ပုစွန်ကန်များပျက်စီးမှုစာရင်း၊ အခြေခံအဆောက်အဦ၊ ပိုင်ဆိုင်မှုပစ္စည်း (ကား၊ ဆိုင်ကယ်၊ စက်ဘီးစသည်ဖြင့်) ပျက်စီးမှုစာရင်းနဲ့ လယ်ယာ၊ သားငါးကဏ္ဍတို့ရဲ့ ပျက်စီးမှုစာရင်းများကိုပြုစုပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC) သို့နေ့စဉ်တင်ပြခဲ့ပါတယ်။

စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့ဟာ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို နှစ်ကြိမ်ကောက်ခံခဲ့ပြီး အထက်မှာဖော်ပြခဲ့တဲ့စာရင်းများက ဒုတိယအကြိမ်စနစ်တကျကောက်ခံ ရရှိသောစာရင်းများဖြစ်ကာ သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နဲ့တစ်ပြေးညီ တင်ပြခဲ့ကြတာပါ။

အခုဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေများကို ကဏ္ဍအလိုက်ခွဲပြီး ဖော်ပြသွားပါမယ်။

**ပညာရေးကဏ္ဍအတွက်ဆောင်ရွက်မှု**

နိုင်ငံတစ်နိုင်ငံအတွက် ပညာရေးဟာ အခြေခံအုတ်မြစ်ဖြစ်တာကြောင့် အထူးပဲအရေးကြီးလှပါတယ်။ ပညာတတ်တွေပေါ်များမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အထောက်အပံ့ကောင်းတွေဖြစ်စေမှာပါ။

ဒီအချက်ကို နိုင်ငံတော်အကြီးအကဲများက ကောင်းစွာသဘောပေါက်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှာကြားချက်မှာ **"ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရေး"** မူဝါဒကို အလေးထားပြီး ချမှတ်ဆောင်ရွက်ခဲ့တာပါ။

ဒီနှစ်ဆိုရင် ဇွန်လ ၁ ရက်ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကျောင်းများဖွင့်လှစ်ဖို့ သတ်မှတ်ထားတာပါ။ ကလေးငယ်များ ပျော်ရွှင်စွာ

**စာမျက်နှာ ၂၆ သို့**



ကျောက်ဖြူမြို့ရှိ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းအား တပ်မတော်သားများက သွပ်အမိုးများပြန်လည်လဲလှယ်ပေးနေစဉ်။

စာမျက်နှာ ၂၅ မှအဆက်

စာသင်ယူနိုင်ရေးဆိုတာကလည်း သင်ကြားရေးလုပ်ငန်းကို အမိုးအကာအောက်မှာသာ ဆောင်ရွက်နိုင်မှုဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်တိုက်ခတ်သွားချိန်မှာတော့ ပညာရေးဆိုင်ရာ အဆောက်အအုံများလည်း ပျက်စီးသွားခဲ့ရပါတယ်။

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်သွားချိန်မှာ မိဘများနဲ့ကျောင်းသားများ အထူး အစိုးရိမ်ဆုံးကိစ္စကတော့ စာသင်ကျောင်းများ အချိန်မီပြန်မဖွင့်နိုင်မှာကိုပါပဲ။ သူတို့ စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပဲလေ။ ပျက်စီးသွားတဲ့ စာသင်ကျောင်းဆောင်တွေက နည်းမှမနည်းဘဲ။

**ပညာရေးအဆောက်အအုံတွေ ပျက်စီးမှုအရေအတွက်ကတော့ ဇွန်လ ၁၃ ရက်အထိ ကောက်ယူရရှိတဲ့စာရင်းများအရ ရခိုင်ပြည်နယ်မှာ မူလတန်းကျောင်းအဆောက်အအုံ ၅၉၆ လုံး၊ အလယ်တန်းကျောင်းအဆောက်အအုံ ၆၄၇ လုံး၊ အထက်တန်းကျောင်းအဆောက်အအုံ ၂၉၅ လုံး၊ အဆင့်မြင့်ပညာသင်ကျောင်းအဆောက်အအုံ ကိုးလုံးဖြစ်တယ်လို့သိရပါတယ်။ ချင်းပြည်နယ်မှာတော့ ပညာရေးအဆောက်အအုံ စုစုပေါင်း ၂၉ လုံးပျက်စီးသွားပါတယ်။**

ဒီလိုပျက်စီးသွားတဲ့ စာသင်ကျောင်းများဟာ အနာဂတ်ခေါင်းဆောင်လောင်းများ ပညာသင်ယူရာနေရာများဖြစ်တာကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့လမ်းညွှန်ချက်နဲ့အညီ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဗဟိုဌာနမှတာဝန်ရှိသူများ၊ ပြည်နယ်များမှ ကြီးကြပ်ရေးအဖွဲ့များဟာ ပြည်သူလူထုနဲ့အတူလက်တွဲပြီး စာသင်ကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်မှုများကို ကျောင်းဖွင့်ချိန်အမီပြီးစီးအောင်လို့ အားသွန်ခွန်စိုက်လုပ်ဆောင်ခဲ့ကြပါတယ်။

**အထူးသဖြင့် ကျောင်းဖွင့်ချိန်အမီ အမြန်ပြုပြင်ဆောင်ရွက်ရန်လိုအပ်တဲ့ ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းနဲ့ အထက်တန်းကျောင်းခွဲ ၂၉၅ ကျောင်းကို မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာမြို့ပြနှင့်အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းနဲ့ ပညာရေးဝန်ကြီးဌာနလက်အောက်မှာဆောင်ရွက်နေတဲ့ ဆောက်လုပ်ရေး ကန်ထရိုက်တာအဖွဲ့များက တာဝန်ကိုယ်စီခွဲဝေရယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ဆောင်ရွက်ခဲ့ရာ မေလ ၃၁ ရက်အထိ ၅၁ ရာခိုင်နှုန်းပြီးစီးခဲ့ကာ ဇွန်လ ၁၄ ရက်အရောက်မှာတော့ ၇၆ ရာခိုင်နှုန်းပြီးစီးခဲ့ပြီဖြစ်ပါတယ်။**

ဇွန်လ ၁ ရက်ရောက်ချိန်မှာ ပြင်ဆင်ဆောက်လုပ်ပြီးစီးသွားတဲ့ စာသင်ကျောင်းများမှာ ကျောင်းသားများက ပျော်ရွှင်စွာကျောင်းတက်လာကြသလို ပြုပြင်ဆဲနေရာများမှာ ကျောင်းတက်ရမယ့်သူများကိုလည်း အမိုးအကာရှိတဲ့ ဘုန်းတော်ကြီးကျောင်းများနဲ့ အမိုးအကာရှိတဲ့အဆောက်အအုံများမှာ ယာယီကျောင်းတက်နိုင်အောင် တာဝန်ရှိသူများက စီမံပေးနိုင်ခဲ့ပါတယ်။

ဒါတင်မကသေးပါဘူး။ အမိုးအကာမရှိတဲ့အပြင် စာသင်ကျောင်းကလည်း ပြင်ဆင်ဆဲ နေရာများမှာရှိတဲ့ ကျောင်းသားများအနေနဲ့ အချိန်မီကျောင်းတက်နိုင်ရေးအတွက် တာဝန်ရှိသူများက ယာယီအဆောက်အအုံများကိုပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါသေးတယ်။

ဒါကြောင့် စာသင်ကျောင်းများဖွင့်လှစ်နိုင်မှု ရာခိုင်နှုန်းက ရာနှုန်းပြည့်ရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုဖွင့်လှစ်နိုင်လိမ့်မယ်လို့ ဘယ်သူမှမထင်မှတ်ထားပါဘူး။

**နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့လမ်းညွှန်ချက်နဲ့အညီ သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ ကြိုးစားအားထုတ်မှုများကြောင့် ဇွန်လ ၁ ရက်မှာ ရခိုင်ပြည်နယ်နဲ့ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ တက်ရောက်သူစုစုပေါင်း ၄ သိန်းကျော်အထိရှိခဲ့တာကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရပါတယ်။**

အခုဆိုရင် ဇွန်လ ၁၄ ရက်အထိစာရင်းများအရ ရခိုင်ပြည်နယ်ရှိအခြေခံပညာကျောင်းများမှာ ကျောင်းအပ်နှံမှုပမာဏက ၄၉၂၀၁၇ ဦးအထိရှိလာပြီး ကျောင်းတက်ရောက်ရာခိုင်နှုန်းက ၉၉ ဒသမ ၁ ရာခိုင်နှုန်းအထိရှိတာကိုလည်းတွေ့ရပါတယ်။

မုန်တိုင်းတိုက်ချိန်နဲ့ စာသင်ကျောင်းများပြန်ဖွင့်မယ့်အချိန်ကြားမှာ ပြန်လည်ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းအတွက်ရတဲ့အချိန်က အလွန်ပဲတိုတောင်းလှပါတယ်။ ဒါကြောင့်လည်း ကျောင်းသားများအတွက် ကျောင်းမှဖွင့်နိုင်ပါ့မလားလို့ မိဘများက စိုးရိမ်ခဲ့ကြတာပါ။

အခုတော့ အဲဒီအချိန်တုန်းကဖြစ်ပေါ်ခဲ့တဲ့ မိဘများနဲ့ကျောင်းသားများရဲ့ရင်ထဲက စိုးရိမ်ကြောင့်ကြမှုကြီးကို နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မှန်ကန်တဲ့လမ်းညွှန်မှုကြောင့် ပြည်သူလူထုအားနဲ့ ဖယ်ရှားတွန်းလှန်နိုင်ခဲ့ပြီပဲဖြစ်ပါတယ်။



တပ်မတော်သားများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

### ကျန်းမာရေးကဏ္ဍ

နိုင်ငံတစ်နိုင်ငံမှာ ပညာရေးကဏ္ဍပြီးရင် ကျန်းမာရေးကဏ္ဍကလည်း အလွန်အရေးကြီးတဲ့အထဲမှာ ပါပါတယ်။ လူတစ်ယောက်ကျန်းမာရေးမကောင်းရင် အိမ်သားတွေ စိတ်မချမ်းမသာ ဖြစ်ရသလို ငွေကုန်ကြေးကျမှုနဲ့ ဝမ်းနည်းပူဆွေးမှုတွေဖြစ်ပေါ်ကာ ကုန်ထုတ်လုပ်မှုလည်း လျော့နည်းကျဆင်းစေပါတယ်။ ဒါကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးပြီးရင် ကျန်းမာရေးကဏ္ဍကို အထူးအလေးပေးဆောင်ရွက်နေတာပါ။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားတဲ့ကာလတုန်းကဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ်ချမှတ်ခဲ့တဲ့ မူဝါဒကသိပ်ကိုရှင်းလင်းပြတ်သားပါတယ်။ အဲဒီမူဝါဒကတော့ **"လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ"** ဆိုတဲ့ မူဝါဒပါပဲ။

အခုလည်း မုန်တိုင်းတိုက်ခတ်ပြီးချိန်မှာ မုန်တိုင်းရဲ့နောက်ဆက်တွဲဆိုးကျိုးများကြောင့် မလိုလားအပ်တဲ့ အသက်ဆုံးရှုံးမှုတွေမဖြစ်ရလေအောင် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ဆောင်ရွက်မှုများကို တင်ပြပေးသွားပါမယ်။

**မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆေးရုံ၊ ဆေးခန်းများ၊ ကျန်းမာရေးဆိုင်ရာအခြေခံအဆောက်အဦများ ပျက်စီးဆုံးရှုံးမှုအနေနဲ့ ၅၀၇ လုံးရှိပါတယ်။ ဒီထဲမှာမှ ဇွန်လ ၁၄ ရက်အထိ ပြန်လည်ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းက ၆၀ ရာခိုင်နှုန်း ရှိတာကို တွေ့ရပါတယ်။**

ပျက်စီးဆုံးရှုံးသွားတဲ့အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရေးလုပ်ဆောင်ပေးနေသူတွေကတော့ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာမြို့ပြနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်းနဲ့ အဆောက်အဦဦးစီးဌာနတို့ပါပဲ။

**ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများအဖြစ် Disaster Kits အခု ၂၂၀၊ IHEK Kits ၁၁၄ ခု၊ Hygiene Kits အခု ၁၀၀၊ ရေသန့်ဆေးပြား ၂၂၂၈၀၀၀၊ ဓာတ်ဆားထုပ် ၁၄၇၀၀၀ ထုပ်၊ အားဆေး ၅၁၅၀၀၀ ပြား၊ Life straw community water filter အလုံး ၂၀၊ အသက်ကယ်အင်္ကျီ အခု ၇၀၀၊ Emergency Light အခု ၉၀၀ နဲ့ အိမ်သာခွက်နဲ့ အိမ်သာပိုက် အခု ၃၀၀၀ အစရှိတဲ့ ဆေးနဲ့ဆေးပစ္စည်းများကိုပို့ဆောင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနဲ့ ပြည်သူလူထုအား ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။**



ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

စစ်တွေမြို့ရှိ ဆေးရုံ၊ ဆေးခန်းများ၊ ကျန်းမာရေးဆိုင်ရာအခြေခံအဆောက်အအုံများနဲ့ ပတ်သက်ပြီး ပြင်ဆင်ရန် ၅၃ လုံးရှိသည့်အနက်မှ ၁၈. ၅. ၂၀၂၃ မှ ၃. ၆. ၂၀၂၃ အထိ ပြင်ဆင်ပြီး ၁၆ လုံး၊ ပြင်ဆင်ဆဲ ၂၉ လုံးနဲ့ ပြင်ဆင်ရန်ကျန် ရှစ်လုံးရှိပါတယ်။

လက်ရှိမှာကိုပဲ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများမှာ ဆေးရုံလုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိပြီး ခွဲစိတ်ကုသမှုလုပ်ငန်းများ၊ ပြင်ပလူနာ၊ အတွင်းလူနာများကို လက်ခံကုသပေးခြင်းများကိုလည်း ပုံမှန်အတိုင်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။

**အခုဆိုရင် မုန်တိုင်းစတင်တိုက်ခတ်တဲ့ မေလ ၁၄ ရက်မှ ဇွန်လ ၁၄ ရက်အထိ ပြင်ပလူနာ ၁၈၉၃၄ ဦး၊ အတွင်းလူနာစုစုပေါင်း ၃၅၀၁၄ ဦး၊ ဆေးရုံတက်လူနာအသစ် ၁၃၇၁၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။**

**ဒါ့အပြင် ဒေသခံပြည်သူများအား ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များမှ အလျင်အမြန်တုံ့ပြန်ရေးအဖွဲ့ ၁၄ ဖွဲ့၊ အထူးကုဆေးအဖွဲ့ ကိုးဖွဲ့၊ ဆေးကုသရေးအဖွဲ့နှစ်ဖွဲ့နဲ့ တိုင်းရင်းဆေးကုသမှုအဖွဲ့တို့ကို စေလွှတ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ရာ မေလ ၁၆ ရက်မှ ဇွန်လ ၁၄ ရက်အထိ ပြင်ပလူနာ ၈၀၂၁၃ ဦးကို ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။**

အလားတူ ပြည်သူများအတွက်ကျန်းမာရေးစောင့်ရှောက်မှုတွေကို တစိုက်မတ်မတ်ဆောင်ရွက်ပေးလျက်ရှိတဲ့ တပ်မတော်သားဆရာဝန်များ၊ ဆေးမှူးများဟာလည်း သဘာဝဘေးဒဏ်သင့်ခဲ့ရတဲ့ ဒေသတွေမှာ သွားရောက်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီဆောင်ရွက်ပေးခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ခဲ့ရာမှာ တပ်မတော်အကြီးအကဲရဲ့လမ်းညွှန်မှုအရ သဘာဝဘေးဒဏ် မကျရောက်မီကတည်းက ကြိုတင်စုဖွဲ့စေလွှတ်ထားတဲ့ ကူညီကယ်ဆယ်ရေးယာဉ်အစုအဖွဲ့ရှိတပ်မတော်သား ကျန်းမာရေးဝန်ထမ်းအစုအဖွဲ့နဲ့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) လက်အောက်ခံဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များနဲ့ ဖွဲ့စည်းထားတဲ့ အထူးဆေးကုသရေးအဖွဲ့တို့ဟာ သဘာဝဘေးဒဏ်ကျရောက်ပြီးလျှင် ပြီးချင်းမှာပင် ရပ်ကွက်၊ ကျေးရွာများဆီအရောက်သွားပြီး လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပါတယ်။

**အခုလိုကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာမှာ မေလ ၁၇ ရက်ကနေ ဇွန်လ ၁၄ ရက်အထိ စုစုပေါင်း ဒေသခံပြည်သူ ၁၄၆၃၀ ဦးကို ဆေးကုသမှုဆိုင်ရာ ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးရောဂါ၊ သားဖွား၊ မီးယပ်ရောဂါ၊ အရိုးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ ထိခိုက်ဒဏ်ရာနဲ့ အခြားရောဂါတို့နဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။**

ကျန်းမာရေးတာဝန်ရှိသူများက ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုအနေနဲ့ မုန်တိုင်းကျရောက်ပြီးပါက ဖြစ်ပွားလေ့ရှိတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အခြားကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေးအတွက် ရခိုင်ပြည်နယ်အတွင်း ရေတွင်းရေကန်ပေါင်း ၅၀၄၈ ခုမှာ ကလိုရင်းဆေးခတ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါအတွက် အဘိတ်ဆေးခတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျန်းမာရေးတာဝန်ရှိသူများက အခုလိုမျိုးတွေဆောင်ရွက်ပေးနေတဲ့ကြားထဲက ဝမ်းပျက်ဝမ်းလျှောရောဂါက ဖြစ်ဖြစ်အောင်ဖြစ်လိုက်ပါသေးတယ်။ အကြောင်းရင်းကတော့ တာဝန်ရှိသူတွေရဲ့သတိပေးချက်များကို လျစ်လျူရှုခြင်းကြောင့်လို့ ပြောရမှာပါပဲ။


ဒီကာလဟာ သရက်သီးပေါ်ချိန်ဖြစ်တဲ့အတွက် မုန်တိုင်းသင့်ဒေသမှာရှိတဲ့ ပြည်သူတွေအနေနဲ့ သရက်သီးကို စားသုံးခြင်းမပြုဖို့ တာဝန်ရှိသူတွေက အကြိမ်ကြိမ်သတိပေးခဲ့ပါတယ်။

တာဝန်ရှိသူတွေရဲ့သတိပေးမှုကို ပြည်သူအများအပြားက လိုက်နာသော်လည်း မလိုက်နာသူ လူနည်းစုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့တာတွေ့ရပါတယ်။

ဒါပေမဲ့လည်း ကျန်းမာရေးဝန်ကြီးဌာနက ကူးစက်ရောဂါများဖြစ်ပွားလာပါက အလျင်အမြန်သိရှိစေရေးအတွက် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုမှုစနစ်ကို ဆောင်ရွက်လျက်ရှိတာကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါက ကပ်ရောဂါအသွင်ဖြစ်ပွားမှုမရှိခဲ့တာဟာ ဝမ်းမြောက်ဖွယ်ရာပါပဲ။

**ဆက်လက်ဖော်ပြပါမည်။**

# Transformers: Rise of the Beasts နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးရေး Paramount နှင့် စတီဗင်ကာပယ်ဂျူနီယာတို့ ဆွေးနွေးနေ




**နယူးယောက် ဇွန် ၁၅**

Transformers: Rise of the Beasts နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးရေးအတွက် Paramount ရုပ်ရှင်ကုမ္ပဏီနှင့် ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာတို့ ဆွေးနွေးနေကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

Transformers: Rise of the Beasts ဇာတ်ကားအောင်မြင်ခဲ့ပြီးနောက် အဆိုပါဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားကို ဆက်လက်ရိုက်ကူးရန် Paramount ရုပ်ရှင်ကုမ္ပဏီနှင့် ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာတို့ ဆွေးနွေးနေခြင်းဖြစ်သည်။

လက်ရှိတွင် Transformers: Rise of the Beasts နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးရေးအတွက် ဆွေးနွေးနေဆဲဖြစ်ပြီး အပြီးသတ် သဘောတူညီချက် မရသေးကြောင်း ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာက ပြောကြားထားသည်။

လက်ရှိရုံတင်ပြသဆဲဖြစ်သည့် Transformers: Rise of the Beasts ဇာတ်ကားကို ဒါရိုက်တာ ကာပယ်ဂျူနီယာက ရိုက်ကူးပေးထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားကို ဇွန် ၉ ရက်က ရုံတင်ပြသခဲ့ကာ ပထမသီတင်းပတ်ကုန်မှာပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇ သန်းထိ ရရှိထားကြောင်း သိရသည်။

KKO

# Brave New World ဇာတ်ကား ဇာတ်ဝင်ခန်းများ ရိုက်ကူးပြီးစီးပြီဖြစ်

**နယူးယောက် ဇွန် ၁၅**


ကမ္ဘာကျော် WWE နပန်းအားကစားသမား ဆက်ရိုးလင်း ပါဝင်သည့် Captain America: Brave New World ဇာတ်ကား ဇာတ်ဝင်ခန်းများ ရိုက်ကူးပြီးစီးခဲ့ပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

နပန်းအားကစားသမား ဆက်ရိုးလင်းသည် Captain America: Brave New World ဇာတ်ကား၌ စူပါဟီးရိုး ဇာတ်ကောင်တစ်ခုဖြစ်သည့် King Cobra ဇာတ်ကောင်နေရာ၌ ပါဝင်ထားပြီး အဆိုပါဇာတ်ကားတွင် ဆက်ရိုးလင်းသည် မင်းသား အန်ထိုနီမက်ကောနှင့်အတူ သရုပ်ဆောင်ထားသည်။

WWE ၏အထင်ရှားဆုံးနပန်းအားကစားသမားတစ်ဦးဖြစ်သည့် ဆက်ရိုးလင်းသည် Sharknado: The 4th Awakens၊ Armed Response စသည့်ဇာတ်ကားများတွင် ပါဝင်ခဲ့ဖူးသည်။

စတုတ္ထမြောက် Captain America: Brave New World ဇာတ်ကားကို ဒါရိုက်တာ ဂျူလီးယက်အိုနေးက ရိုက်ကူးနေခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားကို ၂၀၂၄ ခုနှစ် မေ ၃ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။ KKO





# အဖြူရောင်သက္ကရာဇ် ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၂၃ ရက်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဇွန် ၁၅**

အဖြူရောင်သက္ကရာဇ် ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၂၃ ရက်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း၊ အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် နက်ရှိုင်းကိုက ပြောပြ၍ သိရသည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းကို ပြုံးမောင်နှင့် Forever Series Production & Script Team က ရေးသားထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းကို ဆုဆုစံပယ်ဖူး၊ ခင်စံပယ်လှိုင်၊ စန်းယုမောင်တို့က ရေးသားထားကာ ဒါရိုက်တာ ဟိန်းကိုကိုက ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းက လူငယ်ကြိုက် ဒရာမာဇာတ်လမ်းပါပဲ။ ၂၀၂၀ ပြည့်နှစ်ကတည်းက ရိုက်ရင်းနဲ့ ကိုဗစ်ရောဂါကြောင့် ကြာသွားရတဲ့ဇာတ်လမ်းတွဲလေးပါ။ MRTV-4 ရဲ့ ပင်တိုင်သရုပ်ဆောင်တွေ အများကြီး ပြန်မြင်ရမဲ့ဇာတ်လမ်းတွဲလေးပါ။ ဇွန် ၂၃ ရက်ကစတင်ပြီး အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၇ နာရီတွင် MRTV-4 ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသပေးတော့မှာဖြစ်ပါတယ်။ စောင့်မျှော်အားပေးကြပါအုံး"ဟု သရုပ်ဆောင် နက်ရှိုင်းကိုက ပြောပြသည်။

အဖြူရောင်သက္ကရာဇ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဘုန်းရှိန်ခန့်၊ အောင်မြင့်မြတ်၊ နက်ရှိုင်းကို၊ မိုက်မိုက်၊ ဝေယံထက်၊ ဖြိုးသံသာချို၊ ထက်ထက်ဦးမောင်၊ ကုဋေဘုန်းသော်၊ အိမ့်ကြည်ဖြူနှင့်အတူ အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# တာအော်မီနာရုပ်ရှင်ပွဲတော်သို့ မင်းသမီး အမ်းဘားဟတ် တက်ရောက်မည်

**နယူးယောက် ဇွန် ၁၅**

အီတလီနိုင်ငံ စစ္စလီကျွန်း၌ကျင်းပမည့် (၆၉) ကြိမ်မြောက် တာအော်မီနာရုပ်ရှင်ပွဲတော်သို့ ဟောလိဝုဒ်မင်းသမီး အမ်းဘားဟတ် တက်ရောက်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

တာအော်မီနာ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် မင်းသမီး အမ်းဘားဟတ် ပါဝင်သရုပ်ဆောင်ထားသည့် In the Fire အမည်ရှိ သဘာဝလွန်လျှို့ဝှက်သည်းဖို ဇာတ်ကား ပွဲဦးထွက်ပြသမည်ဖြစ်သည်။

သို့ဖြစ်ရာ In the Fire ဇာတ်ကားပွဲဦးထွက်ပြသပွဲသို့ မင်းသမီး အမ်းဘားဟတ်အနေဖြင့် ဒါရိုက်တာ ကိုဒီအယ်လင်းနှင့်အတူ တက်ရောက်ရန်စီစဉ်ထားခြင်းဖြစ်သည်။

In the Fire ဇာတ်ကားတွင် မင်းသမီး အမ်းဘားဟတ်နှင့်အတူ စပိန်မင်းသား အက်ဝါဒိုနော်ရီဂါလည်း ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားတွင် အမ်းဘားဟတ်သည် မကောင်းဆိုးဝါးအဖြစ် စွပ်စွဲခံထားရသောကလေးတစ်ဦး၏ပြဿနာကို ဖြေရှင်းရန်ကြိုးပမ်းခဲ့သည့် စိတ်ပညာရှင်တစ်ဦးအဖြစ် သရုပ်ဆောင်ထားကြောင်း၊ တာအော်မီနာရုပ်ရှင်ပွဲတော်ကို ဇွန် ၂၃ ရက်မှ ဇူလိုင် ၁ ရက်ထိ ကျင်းပမည်ဖြစ်ပြီး In the Fire ဇာတ်ကားကို ဇွန် ၂၄ ရက်တွင်ပြသမည်ဖြစ်ကြောင်း သိရသည်။ KKO



# My Other Half ရုပ်သံဇာတ်လမ်းတွဲ ရန်ကုန်မြို့တွင် ရိုက်ကူးနေ

**ရန်ကုန် ဇွန် ၁၅**

Myanmar Creative Art Media Solution က ရိုက်ကူးထုတ်လုပ်သည့် My Other Half ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၁၃ ရက်မှစ၍ ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးနေကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ဟေလရီစိုးက ပြောပြ၍ သိရသည်။

My Other Half ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လုံမက ရေးသားပြီး ဒါရိုက်တာ စမ်းဝတီက ဝတ္ထုဇာတ်လမ်းကို ပုံဖော်ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

"My Other Half ဇာတ်လမ်းတွဲကတော့ ရိုမန့်ဒရာမာပုံစံဇာတ်လမ်းပါပဲ။ ညီမအနေနဲ့ ဒီဇာတ်ကားအတွက် စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်ရတာတွေများတယ်။ ဒီဇာတ်လမ်းတွဲမှာ ရိုးရိုးသာမန် ကာရိုက်တာထက် ဒီဇာတ်လမ်းတွဲမှာ သရုပ်ဆောင်ရတဲ့ ကာရိုက်တာကို ပိုသတိထားရတယ်။ ဒီဇာတ်လမ်းမှာတော့ ယောက်ျားလေးကော၊ မိန်းကလေးကောကို စိတ်ဝင်စားသူတစ်ယောက်ဆိုတော့ ပိုတာဝန်ကြီးသွားတယ်။ ကိုယ့်အတွက် စိန်ခေါ်မှုများသလို မရိုက်ခင်ကတည်းက ဝေဖန်မှုတွေရှိတယ်"ဟု သရုပ်ဆောင် ဟေလရီစိုးက ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် တိုင်ရွှန်၊ ဘုန်းမင်းနေလ၊ မှူးထိပ်ထား၊ ဟေလရီစိုး၊ မိုခမ်း၊ ဩဂတ်စ်မိုးတို့နှင့်အတူ အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်နေကြောင်း သိရသည်။ ASH

# အမေရိကန်နိုင်ငံတောင်ဘက်ပိုင်းတွင် လေဆင်နှာမောင်းတိုက်ခတ်ပြီး မိုးသက်လေပြင်းများကျရောက်



**ဝါရှင်တန် ဇွန် ၁၅**

အမေရိကန်နိုင်ငံ တောင်ဘက်ပိုင်းတွင် ဇွန် ၁၄ ရက်က အားကောင်းသည့် လေဆင်နှာမောင်း တိုက်ခတ်ပြီး မိုးသက်လေပြင်းများ ကျရောက်ခဲ့ကြောင်း အမေရိကန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းသည် အလာဘားမားပြည်နယ်၊ ဂျော်ဂျီယာပြည်နယ်တို့တွင် တိုက်ခတ်ခဲ့ပြီး တက္ကဆက်ပြည်နယ်၊ အိုကလာဟိုးမားပြည်နယ်၊ အာကန်ဆက်ပြည်နယ်နှင့် လူဝီစီယားနားပြည်နယ်တို့တွင် မိုးသက်လေပြင်း ကျရောက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"ပုံမှန်ကတော့ ဇွန်လပထမပတ်ထဲမှာ မိုးသက်လေပြင်းကျရောက်တာတွေဖြစ်လေ့ရှိပါတယ်။ ဒါပေမဲ့ ဒီနှစ်မှာတော့ နည်းနည်းနောက်ကျမှ မိုးသက်လေပြင်းကျရောက်ခဲ့တယ်။ မိုးသက်လေပြင်းအပြင် မိုးသီးတွေပါကျရောက်ခဲ့တဲ့အတွက် အန္တရာယ်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ အလာဘားမားနဲ့ ဂျော်ဂျီယာပြည်နယ်မှာတော့ လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပါတယ်။ မိုးသက်လေပြင်းကျရောက်တာကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ မိုးကလဲ ရက်ဆက်ရွာနိုင်တဲ့အတွက် ရေဘေးအန္တရာယ်တွေ ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေမျိုး ရောက်ရှိခဲ့တာဖြစ်ပါတယ်"ဟု အမေရိကန် အမျိုးသား မိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးသက်လေပြင်းနှင့်အတူ မိုးသီးများကျဆင်းမှုများပြားခဲ့ပြီး မိုးသီးအရွယ်အစားလည်း ကြီးမားခဲ့ကြောင်း၊ မိုးသီးအရွယ်အစားကြီးမားသည့်အတွက် နေအိမ်နှင့်အခြေခံ အဆောက်အအုံတချို့ ခေါင်မိုးများ ပျက်စီးခဲ့ပြီး ပြတင်းပေါက်မှန်အက်ကွဲမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ်တွင် မြေပြိုမှုကြောင့် အပျက်အစီးများရှင်းလင်းရန် အမှတ်(၂၀)လမ်းမကြီးကို ယာယီပိတ်ထားမည်

**ဝါရှင်တန် ဇွန် ၁၅**

အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ် ဘန်းစ်မြို့နှင့် ဗဲလ်မြို့တို့ကို ဆက်သွယ်ထားသော အမှတ်(၂၀) အဝေးပြေးလမ်းမကြီး တစ်လျှောက် မြေပြိုကျမှုကြောင့် ပိတ်ဆို့လျက်ရှိသော အပျက်အစီးများကို သက်ဆိုင်ရာအာဏာပိုင်များက ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါ အဝေးပြေးလမ်းကို လုပ်ငန်းများပြီးဆုံးသည်ထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အာဏာပိုင်များ၏ ကြေညာချက်ကို ကိုးကား၍ Malheur Interprise သတင်းဌာနက ဇွန် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ်တွင် ဇွန် ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘန်းစ်မြို့နှင့် ဗဲလ်မြို့တို့ကို ဆက်သွယ်ထားသော အကွာအဝေး ၉၄ မိုင်ကျော်ကွာဝေးသည့် အမှတ်(၂၀) အဝေးပြေးလမ်းမကြီးတစ်လျှောက် မြေပြိုကျမှုများဖြစ်ပွားခဲ့ရာ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောကြောင့် လုပ်ငန်းများပြီးဆုံးချိန်ထိ လမ်းကို ယာယီပိတ်ထားမည်ဖြစ်ကြောင်း၊ ခရီးသွားများ အနေဖြင့် အခြားလမ်းကြောင်းများကို ပြောင်းလဲအသုံးပြုရန် အများပြည်သူသယ်ယူပို့ဆောင်ရေးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မြေပြိုမှုကြောင့် အဆိုပါလမ်းကြောင်းပေါ်တွင် ပိတ်မိနေသော ခရီးသည် သုံးဦးပါ ကားတစ်စီးကို ဇွန် ၁၂ ရက်က လမ်းအူကြောင်းဖောက်၍ ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် အပျက်အစီးများပြန်လည်ပြိုကျမှုကြောင့် အဆိုပါလမ်းအူကြောင်းမှာလည်း ပြန်လည်ပိတ်ဆို့သွားပြီဖြစ်ကြောင်း အများပြည်သူသယ်ယူပို့ဆောင်ရေးဌာနမှ သတင်းအချက်အလက်အရာရှိ တွန်စတန်းဘတ်က ပြောကြားခဲ့သည်။

လမ်းပိတ်ဆို့မှုမှာ ကိုက် ၁၅၀၀၀ ခန့်ရှည်လျားပြီး ကျောက်တုံးများနှင့် ရွှံ့ညွန်အပျက်အစီးများသည် အချို့နေရာများတွင် ၁၅ ပေထိမြင့်မားလျက်ရှိရာ ရှင်းလင်းရေးလုပ်ငန်းများမှာ ရက်ပေါင်းများစွာကြာမည်ဖြစ်ကြောင်း၊ အဝေးပြေးလမ်းပြန်လည်ဖွင့်လှစ်နိုင်ရန် လုပ်သားအင်အားအများအပြားဖြင့် ၂၄ နာရီပတ်လုံး ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း တွန်စတန်းဘတ်က ပြောကြားခဲ့သည်။ AZH



# ဥရောပနိုင်ငံများတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် စာသင်ကျောင်းနှင့်ဆေးရုံတချို့ ယာယီပိတ်ထားရ

**ဘရပ်ဆဲလ် ဇွန် ၁၅**

ဥရောပတိုက်ရှိ နိုင်ငံအများစုတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် စာသင်ကျောင်းနှင့်ဆေးရုံတချို့ကို ယာယီပိတ်ထားရသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်း၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု Euro News သတင်းဌာနက ဇွန် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် အပူလှိုင်းဖြတ်သန်းနေမှုအခြေအနေကို ဥရောပသမဂ္ဂအဖွဲ့အစည်း၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက စောင့်ကြည့်လျက်ရှိပြီး စစ်တမ်းများအရ အပူချိန်မြင့်တက်မှုကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် စာသင်ကျောင်း ၄၃ ရာခိုင်နှုန်း၊ ဆေးရုံ ၄၆ ရာခိုင်နှုန်းထိ ပိတ်ထားရကြောင်း သိရသည်။

"ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတချို့မှာ အပူလှိုင်းတွေဖြတ်သန်းပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်ပမာဏဟာ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေတယ်။ အပူချိန်ပမာဏဟာ လူသားတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး စာသင်ကျောင်းနဲ့ ဆေးရုံတချို့ကို ယာယီပိတ်ထားရပါတယ်။ စစ်တမ်းတွေအရ စာသင်ကျောင်းပေါင်း ၄၃ ရာခိုင်နှုန်း၊ ဆေးရုံပေါင်း ၄၆ ရာခိုင်နှုန်းထိ ပိတ်ထားရပါတယ်"ဟု ဥရောပသမဂ္ဂအဖွဲ့အစည်း၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ ဥက္ကဋ္ဌ ဘက်ဂ်ကာနစ်က ပြောကြားခဲ့သည်။

ထို့ပြင် အရိပ်အာဝါသမရှိသည့်နေရာများတွင် လှုပ်ရှားသွားလာခြင်းကိုလည်း နိုင်ငံအာဏာပိုင်အဖွဲ့အစည်းအသီးသီးက တားမြစ်ချက်များ ထုတ်ပြန်ထားကြောင်း၊ အပူချိန်အမြင့်ဆုံးအခြေအနေဖြင့် ရင်ဆိုင်နေရသောနိုင်ငံမှာ စပိန်နိုင်ငံဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အပူချိန်အမြင့်ဆုံးသောအခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း ဥရောပသမဂ္ဂအဖွဲ့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# အိန္ဒိယနိုင်ငံ ဂျမ္မူး-ကက်ရှ်မီးယားခရိုင်တွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျုရှိ ငလျင်လှုပ်ခတ်

**နယူးဒေလီ ဇွန် ၁၅**

အိန္ဒိယနိုင်ငံ ဂျမ္မူး-ကက်ရှ်မီးယားခရိုင်အတွင်းရှိ ဒိုဒါမြို့အနီးတွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျုရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီး နေအိမ်တချို့ ပျက်စီးခဲ့ကြောင်း အာဏာပိုင်များ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ Kashmir Reader သတင်းဌာနက ဇွန် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျမ္မူး-ကက်ရှ်မီးယားခရိုင်အတွင်းရှိ ဒိုဒါမြို့အနီးကိုဗဟိုပြု၍ အနက်ပေ ခြောက်ကီလိုမီတာအကွာတွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျုရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း ငလျင်ဗေဒဆိုင်ရာ အမျိုးသားဗဟိုဌာနက ထုတ်ပြန်ခဲ့ပြီး ငလျင်လှုပ်ခတ်မှုအရှိန်ကြောင့် ဒိုဒါမြို့နှင့် ဘာဒါဝါမြို့တို့တွင် နေအိမ်နှင့်အဆောက်အအုံတချို့ အသေးစားပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ခရိုင်အာဏာပိုင်များ၏ အဆိုအရ သိရသည်။

"ငလျင်လှုပ်ခတ်မှုက တော်တော်လေးပြင်းပါတယ်။ ကျွန်တော့်အိမ်တောင် ကြမ်းပြင်မှာ အက်ကွဲကြောင်းကြီးဖြစ်သွားတယ်။ ရွာထဲက အချို့အိမ်တွေလဲ နံရံအက်ကွဲတာတွေ၊ မျက်နှာကြက်ပြိုကျတာမျိုးတွေဖြစ်ပွားခဲ့ပါတယ်"ဟု ဘာဒါဝါမြို့အနီးကျေးရွာမှ ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

ဒေလီမြို့၊ အိန္ဒိယနိုင်ငံမြောက်ပိုင်း အခြားနေရာများနှင့် ပါကစ္စတန်နိုင်ငံတို့တွင်ပါ ငလျင်လှုပ်ခတ်မှုကို သိသိသာသာခံစားခဲ့ရကြောင်း၊ ဒိုဒါမြို့ရှိ ခရိုင်ဆေးရုံမျက်နှာကြက်များကွာကျမှုကြောင့် လူနာများကို အရေးပေါ် ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဘာဒါဝါမြို့နှင့် အနီးအနားဒေသများတွင် နေအိမ် ဒါဇင်နှင့်ချီ၍ အက်ကွဲကြောင်းများ၊ အသေးစားပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်မှုနှင့်ပတ်သက်သော ပျက်စီးဆုံးရှုံးမှု၊ လူသေဆုံးမှု ရှိ၊ မရှိကို ဆန်းစစ်အကဲဖြတ်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း ဒိုဒါမြို့ ငလျင်ဗေဒဆိုင်ရာ အမျိုးသားဗဟိုဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ AZH

# ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆွဲဆောင်မှုအရှိဆုံးနိုင်ငံအဖြစ် ဂျာမနီနိုင်ငံ ထိပ်ဆုံးတွင်ရပ်တည်

**ဘာလင် ဇွန် ၁၅**

ကုလသမဂ္ဂအဖွဲ့အစည်းက ဦးဆောင်၍ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ရုပ်ကြွင်းလောင်စာနေရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အစားထိုးခြင်းကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆွဲဆောင်မှုအရှိဆုံးနိုင်ငံအဖြစ် ၂၀၂၃ ခုနှစ်တွင် ဂျာမနီနိုင်ငံက ထိပ်ဆုံးတွင် ရပ်တည်နေကြောင်း BT သတင်းဌာနက ဇွန် ၁၄ ရက်က ရေးသားဖော်ပြခဲ့သည်။

သို့သော် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဈေးကွက်၌ ယခင်က အမေရိကန်နိုင်ငံက နံပါတ်(၁) နေရာတွင် ရပ်တည်ခဲ့ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဈေးကွက် ၄၀ ထိ အကောင်အထည်ဖော်ဆောင်ရွက်ထားနိုင်ကြောင်း၊ တရုတ်နိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဈေးကွက်၌ နံပါတ်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဂျာမနီနိုင်ငံက နံပါတ်(၃)နေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် အမေရိကန်နိုင်ငံက နံပါတ်(၁) နေရာတွင်ဆက်လက်ရပ်တည်ထားနိုင်ခဲ့ပြီး ဂျာမနီနိုင်ငံက နံပါတ်(၂)နေရာသို့ ရောက်ရှိလာကာ တရုတ်နိုင်ငံက နံပါတ်(၃)နေရာသို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံသည် ရုရှား-ယူကရိန်း အရေးမတိုင်မီ ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့များ အများဆုံးဝယ်ယူခဲ့သည့်နိုင်ငံဖြစ်ပြီး ရုရှား-ယူကရိန်းအရေးဖြစ်ပြီးနောက်ပိုင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်လာသည့်အတွက် ကမ္ဘာ့နိုင်ငံများအနက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆွဲဆောင်မှုအရှိဆုံးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြေ

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ပြေလျော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရပြေလျော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၇၃၇၆ ဧက စိုက်ပျိုးပြီးစီး



**ခန္တီး ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၇၃၇၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးဧက ၂၅၀၅၉ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ မှစတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၇၃၇၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မိုးစပါးက ဧက ၂၅၀၀၀ လျာထားစိုက်ပျိုးနေရာ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ စပါးကို တောင်ယာစနစ်စိုက်ကြတယ်။ ဒါ့ပြင် ခေတ်မီတဲ့လှေကားထစ်နည်း စနစ်တွေ၊ မိုးကောင်းသောက် စနစ်တွေနဲ့လဲ စိုက်ပျိုးကြတယ်။ အခုတော့ တောင်ယာစပါးတွေ စိုက်နေကြတာပါ။ မိုးစပါးစိုက်ပျိုးမှုကတော့ တိုးတက်လာတဲ့အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၄၃၂ ဧက၊ လဟယ်မြို့နယ်တွင် ၁၂၀၀ ဧက၊ ထန်ပါခွေမြို့တွင် ဧက ၂၈၀၊ နန်းယွန်းမြို့နယ်တွင် ဧက ၁၄၆၀၊ ဒုံဟီးမြို့တွင် ၁၅၈၉ ဧက၊ ပန်ဆောင်မြို့တွင် ၂၄၁၅ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၅၂၈၆ ဧက၊ လဟယ်မြို့နယ်တွင် ၅၈၈၄ ဧက၊ ထန်ပါခွေမြို့တွင် ၁၅၀၁ ဧက၊ နန်းယွန်းမြို့နယ်တွင် ၂၅၅၆ ဧက၊ ဒုံဟီးမြို့တွင် ဧက ၄၆၅၀၊ ပန်ဆောင်မြို့တွင် ၅၁၈၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေသြဇာများသုံးစွဲတတ်လာရေးနည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# နမ္မတူမြို့နယ် ဟိုက်တောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ္မတူ ဇွန် ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟူးဆာကျေးရွာအုပ်စု ဟိုက်တောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးပွားလုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၄၂ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေအဌမအကြိမ်အဖြစ် နမ္မတူမြို့နယ် ဟိုက်တောင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၂၆ သိန်း၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ၂၂ ဦးကို ငွေကျပ် ၁၅၇ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၅၉ သိန်း စုစုပေါင်း အသင်းသား ဦးရေ ၇၀ ကို ရန်ပုံငွေကျပ် ၄၄၂သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

# စနေနေ့ညမှာ ကစားမဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေထဲက အိမ်ရှင်အားသာချက်နဲ့နိုင်ပွဲရှာရမဲ့ နော်ဝေနဲ့ ဘယ်လ်ဂျီယံအသင်းတို့ကို အားပေးရမှာပါ




ဒီတစ်ပတ်မှာတော့ ဥရောပဘောလုံးရာသီ ရပ်နားသွားတာကြောင့် နိုင်ငံတကာခြေစမ်းပွဲတွေနဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေသာ ကစားသွားမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာကစားမဲ့ ခြေစစ်ပွဲစဉ်တွေမှာတော့ အိမ်ရှင်အားသာချက်နဲ့ နိုင်ပွဲရှာဖို့လိုအပ်မဲ့ အသင်းတွေကိုသာ အဓိကချဉ်းကပ်သွားမှာဖြစ်ပြီး အဲဒီထဲက ကမ္ဘာ့အဆင့်ကစားသမားတွေပိုင်ဆိုင်ထားပြီး အစဉ်အလာအရ ယူရိုခြေစစ်ပွဲမှာ ရလဒ်ပိုင်းကောင်းမွန်လေ့ရှိတဲ့ အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

**နော်ဝေအသင်းကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ နော်ဝေအသင်းနဲ့ စကော့တလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နော်ဝေအသင်းဟာ ယူရိုခြေစစ်ပွဲအုပ်စု(A)မှာ စပိန်၊ စကော့တလန်၊ ဂျော်ဂျီယာ၊ ဆိုက်ပရက်စ်တို့နဲ့တစ်အုပ်စုတည်း ကျရောက်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ စပိန်အသင်းနဲ့တွေ့ဆုံခဲ့ရာ အဘက်ဘက်က ယှဉ်ပြိုင်နိုင်စွမ်းမရှိခဲ့တာကြောင့် အိမ်ရှင်စပိန်အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ရသလို ဒုတိယပွဲစဉ်မှာလဲ ဂျော်ဂျီယာအသင်းကို အဝေးကွင်း ကစားခဲ့ရပေမဲ့ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီပွဲစဉ်တွေမှာ သူတို့အသင်းရဲ့ အဓိကတိုက်စစ်မှူး ဟာလန်းမပါနိုင်ခဲ့တာကြောင့် တိုက်စစ်ပိုင်းအားနည်းခဲ့တာကို သတိပြုရမှာပါ။

လက်ရှိမှာတော့ သူတို့အသင်းဟာ ကစားသမားအားလုံးစုံလင်နေသလို ဥရောပကလပ်တွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေနဲ့သာ စုဖွဲ့ထားတာကိုတွေ့ရမှာပါ။ အခုပြိုင်ပွဲမှာ သူတို့အသင်းဟာ နှစ်ပွဲကစားပြီး ရမှတ်တစ်မှတ်သာရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၄)မှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အခုပွဲစဉ်ကို အနိုင်ရမှသာ ယူရိုခြေစစ်ပွဲအောင်မြင်ဖို့ မျှော်လင့်ချက်ရှိမှာ သေချာပါတယ်။ နည်းပြဆိုဘက်ကန်ရဲ့ နော်ဝေအသင်းဟာ အဝေးကွင်းကစားပုံဆိုးရွားနေပေမဲ့ အိမ်ကွင်းမှာတော့ ပုံစံကောင်းပြသနိုင်ခဲ့တာကြောင့် နောက်ဆုံးအိမ်ကွင်း ၁၀ ပွဲမှာတစ်ပွဲသာရှုံးခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ယူရိုပြိုင်ပွဲကို ၁၉၆၀ ပြည့်နှစ်ကတည်းက ပါဝင်ကစားခဲ့ပေမဲ့ ၂၀၀၀ ပြည့်နှစ်တစ်ကြိမ်သာ ဝင်ခွင့်ရရှိခဲ့ပြီး ကျန်နှစ်တွေမှာတော့ ခြေစစ်ပွဲအဆင့်က လှည့်ပြန်ခဲ့ရတာကိုသတိပြုရမှာပါ။ ဒါပေမဲ့ အိမ်ကွင်းကစားပုံကျစ်လျစ်တဲ့ သူတို့အသင်းအနေနဲ့ ခြေစွမ်းပိုင်းတူညီတဲ့ စကော့တလန်အသင်းကိုတော့ နိုင်ပွဲရှာနိုင်မှာ သေချာပါတယ်။

စကော့တလန်အသင်းဟာ နည်းပြကလာ့ခ်ကီ တာဝန်ယူပြီးနောက်ပိုင်း အသင်းလိုက်ကစားအားကောင်းခဲ့တာကြောင့် ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ ယူရိုခြေစစ်ပွဲ နှစ်ပွဲပါဝင်ခဲ့ပြီး ဆိုက်ပရက်စ်အသင်းကို သုံးဂိုးဂိုးမရှိ၊ စပိန်အသင်းကို နှစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရထားတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ အုပ်စုပွဲစဉ် နှစ်ပွဲကစားအပြီး နှစ်ပွဲစလုံးအနိုင်ရခဲ့တာကြောင့် ရမှတ်ခြောက်မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေတာလဲဖြစ်ပါတယ်။ စကော့တလန်ဟာ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်း ငါးပွဲမှာ တစ်ပွဲသာ အနိုင်ရထားပြီး အဲဒီပွဲစဉ်ကလဲ နေးရှင်းလိဂ်အုပ်စုအဆင့်မှာ အာမေးနီးယားလို ကစားသမားစုဖွဲ့မှု အားနည်းတဲ့အသင်းကို အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဩစတြီးယား၊ အိုက်စလန်၊ ယူကရိန်း၊ တူရကီအသင်းတို့ကိုတော့နိုင်ပွဲမရခဲ့ဘဲ ခံစစ်ပိုင်းက ပေးဂိုး ခုနစ်ဂိုးထိရှိခဲ့တာကို တွေ့ရမှာပါ။ အဲဒီပြိုင်ပွဲတွေမှာလဲ သူတို့အသင်းဟာ အုပ်စုအဆင့်ကသာ လှည့်ပြန်ခဲ့ရတာကြောင့် ယူရိုပြိုင်ပွဲမှာ ရလဒ်ကောင်းတွေ မရှိခဲ့တာကို တွေ့ရမှာပါ။

စကော့တလန်အသင်းမှာတော့ ဥရောပကလပ်အသင်းငယ်တွေက ကစားသမားအများစုပါဝင်နေပြီး ဂိုးသမားများအဖြစ် ကလာ့ခ်၊ ကယ်လီ၊ ဂန်း၊ ခံစစ်ပိုင်းမှာတော့ ကူးပါး၊ ရော်ဘက်ဆန်၊ ဆောက်တား၊ တီယာနေး၊ ဟန်ဒရီ၊ဟူရန်၊ မက်ခရိုရီ၊ တေလာ၊ ပိုတီးယက်စ်၊ ဟစ်စကီး၊ ပက်တာဆန်၊ ကွင်းလယ်ပိုင်းမှာ မက်ဂရီဂေါ၊ ရိုင်ယန်ဂျက်၊ မက်ကလင်း၊ အန်းစတောင်း၊ မက်ဂင်း၊ ခရစ်စတင်း၊ တွန်မနေး၊ ဖာဂူဆန်၊ ဂယ်မော်၊ တိုက်စစ်ပိုင်းမှာ ရှန်လန်း၊ နစ်ဘက်၊ ဒိုက်ကီ တို့ပါဝင်နေတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ နှစ်သင်းစလုံး ဒဏ်ရာရကစားသမား မရှိပေမဲ့ အိမ်ရှင်အားသာချက်နဲ့ ကစားသမားစုဖွဲ့မှု ပိုကောင်းလာတဲ့ နော်ဝေအသင်းနိုင်ပွဲရဖို့ ကြိုးစားလာမှာကြောင့် အဝေးကွင်း ခံစစ်ပိုင်း အားနည်းနေတဲ့ စကော့တလန်အသင်း ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။ ဒါကြောင့်နောက်တစ်ဆင့်တက်ရောက်ဖို့ နိုင်ပွဲရှာဖွေရမဲ့ နော်ဝေအသင်းကိုပဲ အားပေးရမှာပါ။

**နော်ဝေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်ဝေ | ၀ | - | ၂ | ဆားဘီးယား |
| အိုင်ယာလန် | ၁ | - | ၂ | နော်ဝေ |
| နော်ဝေ | ၁ | - | ၁ | ဖင်လန် |
| စပိန် | ၃ | - | ၀ | နော်ဝေ |
| ဂျော်ဂျီယာ | ၁ | - | ၁ | နော်ဝေ |

**စကော့တလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စကော့တလန် | ၂ | - | ၁ | အိုင်ယာလန် |
| ယူကရိန်း | ၀ | - | ၀ | စကော့တလန် |
| တူရကီ | ၂ | - | ၁ | စကော့တလန် |
| စကော့တလန် | ၃ | - | ၀ | ဆိုက်ပရက်စ် |
| စကော့တလန် | ၂ | - | ၀ | စပိန် |

**ဘယ်လ်ဂျီယံအသင်း အနိုင်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ ယူရိုခြေစစ်ပွဲတွေထဲ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဘယ်လ်ဂျီယံအသင်းနဲ့ ဩစတြီးယားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဥရောပအသင်းတွေထဲမှာ ကစားသမားစုဖွဲ့မှု အားကောင်းတဲ့ ဘယ်လ်ဂျီယံဟာ ပြီးခဲ့တဲ့ကမ္ဘာ့ဖလားမှာ အုပ်စုအဆင့်က ထွက်ခွာခဲ့ရတာကြောင့် ပြိုင်ပွဲပြီးတာနဲ့ နည်းပြမာတီနက်ဇ်နဲ့ လမ်းခွဲခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်မှာတော့ လိုက်ပ်ဇစ်အသင်းနည်းပြ တက်ဒက်စ်ကို ကို နည်းပြသစ်ခန့်အပ်လိုက်ပြီး ယူရိုခြေစစ်ပွဲ အဖွင့်ပွဲမှာပဲ ဆွီဒင်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရအောင် စွမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ခြေစစ်ပွဲအုပ်စု(F)မှာ ဩစတြီးယား၊ ဆွီဒင်၊ အက်စ်တိုးနီးယား၊ အဇာဘိုင်ဂျန်တို့နဲ့ တစ်အုပ်စုတည်းကျရောက်နေပေမဲ့ ဒီအုပ်စုမှာ ခြေစွမ်းပြကစားသမားတွေသာ ပိုင်ဆိုင်ထားတဲ့ အသင်းဖြစ်လို့ နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးများနေတာကို သတိပြုရမှာပါ။ ဒါ့ပြင် အုပ်စုတွင်း မာကျောတဲ့ ဆွီဒင်ကို အဝေးကွင်းကနေ ဂိုးပြတ်အနိုင်ရထားတာကလဲ ခြေစစ်ပွဲအောင်ဖို့ သေချာနေတာလဲဖြစ်ပါတယ်။

လက်ရှိဘယ်လ်ဂျီယံအသင်းမှာတော့ ဥရောပထိပ်သီးကလပ်တွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားအများစုပါဝင်နေပြီး ဂိုးသမားများအဖြစ် ကာမင်စကီ၊ ကော့တွိုက်၊ မက်ဆဲလ်၊ ဘိုဒ့်၊ ခံစစ်ပိုင်းမှာ ဘာတွန်ဂမ်၊ ကာရက်စကို၊ ကက်စတာနီ၊ ဖေ့ရက်စ်၊ ဘော်နူ၊ ဒီမန်း၊ သီယာတီ၊ အယ်ဒါခီ၊ ကွင်းပိုင်းမှာ ဒန်ဒွန်ကာ၊ ဗာနာကန်၊ တိုင်လီမန်၊ မန်ဂါလာ၊ အက်စတာ၊ တိုက်စစ်ပိုင်းမှာတော့ လူကာကူ၊ ဘက်ရှုဝါရီ၊ အိုပန်ဒါ၊ လူကီဘာကီအို၊ ဒိုကူ၊ ဘာကာရိုကို၊ ဆာလီမာအီကာ၊ ထရက်ဆော်တို့လို ကစားသမားတွေကို ပိုင်ဆိုင်ထားတာဖြစ်ပါတယ်။ လက်ရှိနည်းပြလက်အောက်မှာလဲ တိုက်စစ်မှူး လူကာကူက အသင်းတိုက်စစ်ပိုင်းကို ဦးဆောင်နေပြီး ပြီးခဲ့တဲ့ ယူရိုခြေစစ်ပွဲ အဖွင့်ပွဲစဉ်မှာ သွင်းဂိုးသုံးဂိုးထိ ခြေစွမ်းပြသွင်းယူထားတာကြောင့် ဩစတြီးယား ခံစစ်ပိုင်းအနေနဲ့ လူကာကူကိုသာ ထိန်းချုပ်နိုင်ဖို့ခက်ခဲမှာပါ။

ယူရိုခြေစစ်ပွဲ နှစ်ပွဲကစားအပြီးမှာ နှစ်ပွဲစလုံး အနိုင်ရထားတဲ့ ဩစတြီးယားအသင်းဟာ အမှတ်ပေးဇယားမှာ ဦးဆောင်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ အဇာဘိုင်ဂျန်အသင်းကို လေးဂိုးတစ်ဂိုး၊ ဒုတိယပွဲမှာ အက်စ်တိုးနီးယားအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် အဆင့်(၁)မှာ ရောက်ရှိနေပေမဲ့ အဆင့်(၂)က ဘယ်လ်ဂျီယံ၊ အဆင့်(၃)က ဆွီဒင်တို့နဲ့ ထိပ်တိုက်မတွေ့သေးတာကြောင့် နောက်တစ်ဆင့်တက်ဖို့အတွက် မသေချာသေးတာဖြစ်ပါတယ်။ လက်ရှိမှာတော့ အုပ်စုတွင်း အင်အားကြီးမားတဲ့ ဘယ်လ်ဂျီယံနဲ့တွေ့ဆုံနေသလို အဝေးကွင်းကစားရမှာဖြစ်တာကြောင့် ဘယ်လိုကစားကွက်နဲ့ တုံ့ပြန်လာမလဲဆိုတာ စိတ်ဝင်စားစရာပါ။ သူတို့ အသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ ၁၉၃၄ ခုနှစ်မှာ စတုတ္ထတစ်ကြိမ်၊ ၁၉၅၄ ခုနှစ်မှာ တတိယတစ်ကြိမ်ရရှိခဲ့ပြီး ၁၉၅၈ ခုနှစ်၊ ၁၉၇၈ ခုနှစ်၊ ၁၉၈၂ ခုနှစ်၊ ၁၉၉၀ ပြည့်နှစ်၊ ၁၉၉၈ ခုနှစ်ယူရိုပြိုင်ပွဲတွေမှာ အုပ်စုအဆင့်ထိ ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ၁၉၉၈ ခုနှစ်နောက်ပိုင်းမှာတော့ ကမ္ဘာ့အဆင့် ကစားသမားပေါ်ထွက်မှု နည်းပါးခဲ့တာကြောင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပါဘူး။

ဩစတြီးယားအသင်းဟာ ဥရောပကလပ်တွေမှာ ခြေစွမ်းပြကစားနေတဲ့ ကစားသမားအများစုပါဝင်နေပြီး ဒေးဗစ်အလာဘာ၊ ဆာဘစ်ဇာ၊ လိုင်မာ၊ ရှာလာဂါ၊ အန်တာတိုဗစ်၊ အိုနီစီယို၊ ဝင်းမားတို့လို ကစားသမားကောင်းတွေရှိနေပေမဲ့ ဘယ်လ်ဂျီယံလိုအသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့တော့ ခက်ခဲမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံးခဲ့ပေမဲ့ နောက်ဆုံးအဝေးကွင်းလေးပွဲမှာ တစ်ပွဲသာ အနိုင်ရခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ဝါရင့်နည်းပြ ရန်းဂ်နစ်ကို ပိုင်ဆိုင်ထားပေမဲ့ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ကစားသမားအများစုဟာ နည်းပြလိုအပ်ချက်နဲ့ကိုက်ညီဖို့ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ သူတို့ နှစ်သင်းဟာ ၂၀၁၂ ခုနှစ် ယူရိုခြေစစ်ပွဲ အုပ်စုအဆင့်မှာတွေ့ဆုံခဲ့ပေမဲ့ ဘယ်လ်ဂျီယံအသင်းကလဲ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အသာရခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ ဘယ်လ်ဂျီယံအသင်းပဲ အနိုင်ရမှာပါ။

**ဘယ်လ်ဂျီယံအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘယ်လ်ဂျီယံ | ၁ | - | ၀ | ကနေဒါ |
| ဘယ်လ်ဂျီယံ | ၀ | - | ၂ | မော်ရိုကို |
| ခရိုအေးရှား | ၀ | - | ၀ | ဘယ်လ်ဂျီယံ |
| ဆွီဒင် | ၀ | - | ၃ | ဘယ်လ်ဂျီယံ |
| ဂျာမနီ | ၂ | - | ၃ | ဘယ်လ်ဂျီယံ |

**ဩစတြီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဩစတြီးယား | ၁ | - | ၃ | ခရိုအေးရှား |
| အန်ဒိုရာ | ၀ | - | ၁ | ဩစတြီးယား |
| ဩစတြီးယား | ၂ | - | ၀ | အီတလီ |
| ဩစတြီးယား | ၄ | - | ၁ | အဇာဘိုင်ဂျန် |
| ဩစတြီးယား | ၂ | - | ၁ | အက်စ်တိုးနီးယား |







## လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ပို့ချမည်

| | |
|---|---|
| ရည်ရွယ်ချက် | ➡ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်တတ်စေရန်နှင့် အလှကုန်ပစ္စည်းများတွင် ပါဝင်သော ဓါတုပစ္စည်းများအကြောင်း နားလည်တတ်ကျွမ်းကြစေရန် |
| သင်တန်းကာလ | ➡ ၂၆-၆-၂၀၂၃ ရက်နေ့မှ ၃၀-၆ -၂၀၂၃ ရက်နေ့ထိ |
| သင်တန်းချိန် | ➡ နံနက် (၀၉:၀၀) နာရီမှ (၁၆:၀၀)နာရီထိ |
| ဖွင့်လှစ်မည့်နေရာ | ➡ ၈၂ လမ်း၊ ၂၅ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး |
| သင်တန်းကြေး | ➡ သင်တန်းကြေး (၁၀၀၀၀/-) နှင့် သင်တန်းကုန်ကျစရိတ် အချိုးကျ ကျခံရမည်။ လိုင်စင်ဓါတ်ပုံ (၁)ပုံ |
| ပို့ချမည့် ဘာသာရပ်များ | ➡ ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊ မှန်ကြည်ဆေး၊ Handgel၊ HandSpray ၊ရေချိုးဆပ်ပြာရည်၊ ပျားရည် ဆပ်ပြာခဲ ၊ရှားစောင်းဆပ်ပြာခဲ၊ lotion၊ အမွှေးဆီ၊ ဆပ်ပြာခရင်၊ သဘာဝခေါင်းလျှော်ရည်၊ Chemical များ၏ ကောင်းကျိုး ဆိုးကျိုးများ |
| သင်တန်းပို့ချမည့်ဆရာများ | ➡ မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များ ကိုယ်တိုင်ပို့ချပါမည်။ |

သင်တန်းပြီးဆုံးသည်နှင့် စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပြီး ဌာနမှ လိုအပ်သော အကြံဉာဏ်များနှင့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပါမည်။

ဆက်သွယ်စာရင်းပေးရန်

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
၈၂ လမ်း ၊၂၅ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့
☎ ၀၂ - ၄၀ ၃၉၆၀၉၊ ☎ ၀၉ -၇၆၃၀၉၁၂၆၁၊ ☎ ၀၉ -၉၅၇၄၈၅၉၀၄၊
★★★ သင်တန်းဆင်းလက်မှတ် ပေးအပ်ပါမည်။
သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။ ★★★

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ Bravo ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးညီညီထွန်း ၏သား မောင်ကောင်းခန့်ဇော် ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၂၀-၇-၂၀၀၉ ဖြစ်ပါကြောင်း။

၂၀-၇-၂၀၀၉

## တစ်ဦးတည်းဖြစ်ပါကြောင်း

မှန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဥတ္တံကျေးရွာနေ မခွေးနန္ဒာစိုး (၁၀/ပမန(နိုင်)၂၁၇၉၉၉)၏ ဖခင် ဦးကျော်စိုးမိုး (၁၀/ပမန(နိုင်)၁၀၃၂၈၆)နှင့် ဦးကျော်စိုး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်စိုးမိုး (ခ) ဦးကျော်စိုး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးအောင်မြေသာစံမြို့နယ်၊အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်(၁၉/၁)နေ ဦးဇော်မျိုးထိုက် - ဒေါ်စမ်းစမ်းထွေး တို့၏သားဖြစ်သူ **မောင်အောင်မြတ်ဦး(ခ)အောင်အောင်ဦး** သည် မိဘညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိဘများအား ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူခြင်းတို့ကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်ငွေရေးကြေးရေးနှင့်ပတ်သက်သော ကိစ္စအဝဝ အား လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးဇော်မျိုးထိုက် (၉/အမဇ(နိုင်)၀၁၆၅၃၃)**
**ဒေါ်စမ်းစမ်းထွေး (၉/အမဇ(နိုင်)၀၆၀၅၆၂)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ နေ မဆုပြည့်ပြည့်ပိုင် (၉/မဟမ(နိုင်)၀၅၉၇၀၁) ၏ မိခင်သည် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်ပါ ဒေါ်လှဆန်း နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပါ ဒေါ်လှစန်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်လှဆန်း(ခ)ဒေါ်လှစန်း (၈/ပခက(နိုင်)၁၈၂၇၆၅)**

### ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နေ ကျော်ဟန်စိုး(ဘ) ဦးစံမြိုင် (၁၄/ကပန(နိုင်)၁၂၀၉၈၈) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-371132) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၄၂၂၂၅၃၇

### ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နေ မိုးမိုးမိုင် (ဘ) ဦးကြည်မောင် (၁၄/ကပန(နိုင်)၁၆၉၇၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-318493)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၄၂၂၂၅၃၇

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးချမ်းမြသာစည်မြို့နယ်၊အောင်ပင်လယ်ရပ်ကွက်၊ အိမ်အမှတ် ၁၇/၃၂(က)၅၃လမ်း၊၁၀၄×၁၀၄(A)နေ ဦးသန်းဌွေး (ခ) ဦးသန်းဇော်+ဒေါ်သန်းသန်းနု တို့၏သား **မောင်သီဟဇော် (၉/မမန(နိုင်)၀၃၁၉၈၈)** သည် မိဘ၏ဆိုဆုံးမခြင်းကို မခံယူဘဲ မိဘဂုဏ်သိက္ခာကျဆင်းအောင်ပြုမူပြီး မိမိသဘောဆန္ဒအလျောက် ၂၉-၅- ၂၀၂၃ တွင် နေအိမ်မှဆင်းသွားပါသဖြင့် မောင်သီဟဇော် အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး ငွေရေးကြေးရေးနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းဌွေး(ခ)ဦးသန်းဇော်+ဒေါ်သန်းသန်းနု**

### ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နေ အောင်မင်းနိုင်(ဘ) ဦးထွန်းခင် (၅/ဒပယ(နိုင်)၀၉၉၂၂၀) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-293232)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၈၂၅၃၅၃

### ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့နေ မောင်အောင်မျိုးထွန်း (ဘ) ဦးစိုးစိုး (၁၄/လပတ(နိုင်)၁၈၆၁၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-133158)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၈၅၅၈၆၅၄၃

## ဒေါ်မီမီဘော် (ခ) ဒေါ်မေမေခင်
## အသက် (၈၅)နှစ်

မန္တလေးမြို့၊ ၈၁လမ်း၊၂၅လမ်းထောင့်၊ ပိုက်ကျုံးညွန့်တိုက်နေ၊ ပိုက်ကျုံးညွန့်သစ်စက်သိရိပျံ့ချိ (ဦးစံလှပေါ်)+(ဒေါ်ဒေါ်ဒီ)တို့၏သမီးထွေး၊ ဦးမြင့်ကို ၏ဇနီး၊ ဦးသန့်နေမျိုး၊ ဦးဝင်းသိန်း+ ဒေါ်မေစန္ဒီဝင်း၊ ဦးအောင်ကျော်မြင့်+ဒေါ်မေငုဝါဝင်း၊ ဦးတင့်လွင်သောင်း+ဒေါ်မေသော်တာဝင်း၊ (ဦးညီဝင်းကို) တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၆ ယောက်တို့၏ ချစ်လှစွာသောအဖွား၊ ပြင်ဦးလွင်မြို့၊ ရိပ်သာလမ်း၊ ချယ်ရီလမ်းဟောင်းနှင့်ပိတောက်လမ်းကြား၊အမှတ်(၅၅/က)နေ ဒေါ်မီမီဘော်(ခ)ဒေါ်မေမေခင် အသက် (၈၅)နှစ် သည် ၁၅-၆-၂၀၂၃ ရက်၊ ကြာသပတေးနေ့ နံနက် (၀၀း၁၀)နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၂၃ ရက်၊ သောကြာနေ့ မွန်းလွဲ (၁း၀၀)နာရီတွင် ပြင်ဦးလွင်(၈)မိုင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပြီး ၁၇-၆-၂၀၂၃ ရက်၊ စနေနေ့ တွင် ဆွမ်းသွတ်တရားနာ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ပူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နောက်ကျ ကျန်ရစ်၍ ရနိုင်မည်မဟုတ်...

❖ အသိပညာမြင့်မားစေရေးအတွက် မိမိကိုယ်တိုင် စာပေ လေ့လာမှုသာမက မိမိတို့၏သားသမီးများကိုလည်း စာပေ၊ ဗဟု သုတမြင့်မားအောင် ဆောင်ရွက်ပေးရန်လို...

❖ ပညာရေးနှင့်ပတ်သက်၍ ဖတ်ရှုမှတ်သားလေ့လာခြင်းဖြင့် အသိပညာမြင့်မားအောင်ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှ သာလျှင် ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်၏ အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစု များကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ် ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာ ရေးကဏ္ဍမြှင့်တင်ရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရှင်မာကုကသီဒြယ်ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် သကြေ့ယ်ပြင် IDP Campသို့ သွားရောက်၍ တွေ့ဆုံအမှာစကားပြောကြား၊ စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ရှိ ရှင်မာကုကသီဒြယ်ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ရှင်းလင်းတင်ပြမှုနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၅**

စစ်တွေမြို့သို့ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက် ပိုင်းတွင် စစ်တွေမြို့ မေယုလမ်းနှင့် ချင်းပျံလမ်းထောင့်ရှိ ရှင်မာကုကသီဒြယ်ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

Internet & Mobile Banking Services
• Account Transfer
• Mobile Topup ( Phone Bill )
• Cardless ATM Withdrawl
• Remittance
• Credit Card Payment
• Tax Payment
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
လုံခြုံလျှင်မြန် ဆောင်ရွက်ပြီးမှန် မြဝတီဘဏ်
Phone No : (01) 2301367, 2301368, 2301452, 2301378
(24) ~ (01) 2301421, 2317166